မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနလာ်နေ့ | အတွဲ(၆၅)၊ အမှတ်(၃၅၈)

ယနေ့ မိုးလေဝသ

(၂၇ - ၉ - ၂၀၂၆)

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့အား ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းက ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) တို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဒဂုံတက္ကသိုလ်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ဘူတာရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒဂုံတက္ကသိုလ် ဘူတာရုံ၌ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ယနေ့ ဖတ် စ ရာ

မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ်မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း(၄)

ဆောင်းပါး ◆ စာ ◆ ၆

ကရင်ပြည်နယ်ပြိမ်းချမ်းရေးနှင့် ပွဲပြိုကိုးတက်ရေး ဗိုရမ် ၂၀၂၆ ခုတိယနေ့ ဆက်လက်ကျင်းပ

ပြည်တွင်းသတင်း ◆ စာ ◆ ၈

စက်မှုဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ သဟဇာတ ဖြစ်တည်ရာ ရှုန်းကျန့်မြို့ ...

ဆောင်းပါး ◆ စာ ◆ ၁၀

တစ်ပတ်တာ ဗတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ

သတင်းများ ◆ စာ ◆ ၁၁

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၇)

ဆောင်းပါး ◆ စာ ◆ ၁၂

ဘန်ကောက်မြို့၌ အိမ်ထောင်စု ငါးသောင်းကျော် ရေဘေးသင့်၍ ယာယီစခန်း ၂၃၀ ကျော် ပြင်ဆင်ထား

နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်ပွဲတော်ကာလ မီးပုံးပျံ အလုံးရေ ၃၀၀၀၀ လွှတ်တင်မည်

ပုဂံ စက်တင်ဘာ ၂၇

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် ယခုလာမည့် သီတင်းကျွတ်ပွဲတော်တွင် မီးပုံးပျံ အလုံးရေ ၃၀၀၀၀ လွှတ်တင်သွားမည်ဖြစ်ပြီး ထိုသို့လွှတ်တင်နိုင်ရန် ကြိုတင်စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ပုဂံသီတင်းကျွတ်ပွဲတော်မှာ မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ဖို့ရှိပါတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့မှာ နှစ်ရက်ခွဲပြီး လွှတ်တင်မှာပါ။ မီးပုံးပျံပြုလုပ်ဖို့ မြင်းကပါရှာကို အပ်ထားပါတယ်။ တောင်ကြီးက မီးပုံးပျံအဖွဲ့လည်း ရောက်နေပါတယ်။ အလုံးရေများတဲ့အတွက် မီးသတ်ဌာန အပါအဝင် သက်ဆိုင်ရာဌာနအားလုံးနဲ့ ပိုင်းဝန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်တွေနဲ့ ဌာနဆိုင်ရာ၊ ဒေသခံတွေ စုပေါင်းပြီး လုပ်ဆောင်တာဖြစ်ပြီးတော့ မြန်မာ့အလှနဲ့ မြန်မာ့ယဉ်ကျေးမှုကိုတွေ့မြင်ရမယ့်အထူးစည်ကားတဲ့

စာမျက်နှာ ၄ ကော်လံ ၄ ◆



အားကောင်းသော လေဖိအားနည်းရပ်ဝန်း ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်-တနသာရီ ကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မြောက် - အနောက် မြောက်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ အားကောင်းသော လေဖိအားနည်း ရပ်ဝန်းသည် ၂၄ နာရီအတွင်း မြောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားကာ မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး ကပွလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ည မှ စက်တင်ဘာ ၃၀ ရက်

စာမျက်နှာ ၄ ကော်လံ ၁ ❑



၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။



၂၇ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂ၁၃၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၉ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	ဖြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၅၀	၄၆၀၅	၄၄၉၅	၄၄၆၅	၄၆၀၀	၄၆၂၅	၄၆၆၅	၄၅၃၅	၄၉၀၅	၄၉၃၅	၄၄၉၅	၄၇၀၅	၄၆၃၅	၄၆၀၅	၄၆၁၅	၄၈၃၅
95 Ron	၄၆၀၀	၄၇၂၅	၄၇၀၅	၄၆၁၅	၄၇၁၀	၄၇၂၅	၄၈၀၀	၄၆၈၅	၅၀၅၅	၅၀၈၅	၄၇၀၅	၄၈၆၀	၄၇၉၅	၄၇၅၅	၄၇၆၅	၄၉၃၅
HSD (500 ppm)	၄၇၃၀	၄၉၄၀	၄၈၉၅	၄၈၀၅	၄၉၄၅	၄၉၆၀	၄၉၉၀	၄၈၇၅	-	၅၂၂၅	၄၈၉၅	၅၀၄၅	၄၉၈၀	၄၉၄၀	၄၉၅၀	၅၁၀၀
HSD (50 ppm)	၅၀၃၅	၅၁၄၀	၅၁၀၀	၅၀၀၀	၅၁၄၅	၅၁၀၀	၆၀၀၅	၅၀၀၀	၆၂၅၀	၆၂၈၀	၅၁၀၀	၆၀၂၀	၅၁၄၅	၅၁၄၀	၅၁၆၀	၆၁၉၀
HSD (10 ppm)	၅၀၃၅	၅၁၄၀	၅၁၀၀	၅၀၀၀	၅၁၄၅	၅၁၀၀	၆၀၀၅	၅၀၀၀		၆၂၈၀	၅၁၀၀	၆၀၂၀	၅၁၄၅	၅၁၄၀	၅၁၆၀	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၂၈	၄၃၄၇
95 Ron	၄၃၀၅	၄၄၆၆
HSD (500 ppm)	၄၅၀၅	၄၆၉၆
HSD (50 ppm)	၅၅၃၂	၅၆၀၃
HSD (10 ppm)	၅၅၃၂	၅၆၀၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

လက်တွဲညီညီ ပူးပေါင်းလို့ ခွေးရူးရောဂါ တိုက်ဖျက်စို့

ခွေးရူးရောဂါသည် ၁၀၀ ရာခိုင်နှုန်း ကြိုတင်ကာကွယ်နိုင်သည့် ရောဂါဖြစ်သကဲ့သို့ လူနှင့် တိရစ္ဆာန်တို့တွင် ရောဂါပိုးကူးစက်ခံရပြီး ရောဂါလက္ခဏာများ စတင်ပြသလာကာ ခွေးရူးရောဂါဖြစ်ပွားပါကလည်း ၁၀၀ ရာခိုင်နှုန်း သေဆုံးနိုင်သည့် ရောဂါဖြစ်သည်။ ခွေးရူးရောဂါကာကွယ်ဆေးကို ပြင်သစ်လူမျိုးပညာရှင် လူးဝစ်ပါစတာက ၁၈၈၅ ခုနှစ်တွင် အောင်မြင်စွာတီထွင်နိုင်ခဲ့ရာ ၎င်းအား ဂုဏ်ပြုသောအားဖြင့် ၎င်းကွယ်လွန်ခဲ့သည့် စက်တင်ဘာ ၂၈ ရက်နေ့ကို "ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ (World Rabies Day)" အဖြစ် သတ်မှတ်ခဲ့သည်။ ယင်းနောက် ၂၀၀၇ ခုနှစ်မှစကာ ခွေးရူးရောဂါ ကာကွယ်တားဆီးရေး လှုံ့ဆော်ပညာပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာတစ်ဝန်း ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ကျင်းပလာခဲ့ကြသည်။

ခွေးရူးရောဂါသည် လူအပါအဝင် ခွေး၊ ကြောင်၊ မြေခွေး စသည့် နို့တိုက်သတ္တဝါအားလုံးတွင် ကူးစက်ဖြစ်ပွားနိုင်သည့် ရောဂါဖြစ်သည်။ လင်းနို့များသည်လည်း ခွေးရူးရောဂါပိုးသယ်ဆောင်သည့် သတ္တဝါများဖြစ်သည်ကို တွေ့ရသည်။ လူတွင်ဖြစ်ပွားသည့် ခွေးရူးရောဂါကူးစက်ဖြစ်ပွားမှု၏ ၉၉ ရာခိုင်နှုန်းသော အကြောင်းရင်းခံမှာ ခွေးရူးကိုက် ခံရခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ခွေးရူးပြန်ရောဂါကြောင့် လူ ၅၉၀၀၀ ခန့် သေဆုံးလျက်ရှိရာ ၉ မိနစ်တိုင်းတွင် လူတစ်ဦးနှုန်း ခွေးရူးရောဂါကြောင့် သေဆုံးနေရသည့် သဘောပင်ဖြစ်ပြီး အမှန်တကယ်သေဆုံးမှုမှာ အဆိုပါကိန်းဂဏန်းများထက် များစွာပိုမည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် ခွေးရူးရောဂါ အမြစ်ပြတ်တိုက်ဖျက်နိုင်ခဲ့သည့် နိုင်ငံများရှိနေပြီဖြစ်သော်လည်း အာရှနှင့် အာဖရိကရှိ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားတွင် ခွေးရူးရောဂါဗိုင်းရပ်စ် ဆက်လက်ရှိနေဆဲဖြစ်သည်။ သို့ဖြစ်ရာ ခွေးရူးရောဂါကြောင့် သေဆုံးသူ ၉၅ ရာခိုင်နှုန်းကျော်မှာ အာရှနှင့်အာဖရိကတွင် နေထိုင်ကြသူများဖြစ်သည်။ တစ်ဖန် ခွေးရူးရောဂါကြောင့် သေဆုံးသူ ၄၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်အောက် ကလေးငယ်များဖြစ်သည်။ အသက် ၄ နှစ်မှ ၁၅ နှစ်ကြား ကလေးများသည် ခွေးကိုက်ခံရမှုအများဆုံးဖြစ်သလို ခွေးရူးရောဂါကြောင့် သေဆုံးရမှုလည်းများသည်။

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် မတိုင်မီက နှစ်စဉ် လူ ၁၁၀၀ ခန့် ခွေးရူးရောဂါကြောင့် သေဆုံးရသည်ဟု ခန့်မှန်းခဲ့ပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် သေဆုံးမှုနှုန်းအဖြင့်မားဆုံးနိုင်ငံဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် ခွေးရူးရောဂါဖြင့် သေဆုံးသူဦးရေ ၁၀၀ အောက်သို့ လျော့ကျလာခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ ၁၁၃ ဦးအထိရှိခဲ့ရာ ပြန်လည်များပြားလာသည်ကို တွေ့ရခြင်းပင်ဖြစ်သည်။

ခွေးကိုက်ခံရပါက အနာကို ချက်ချင်း ရေသန့်သန့်၊ ဆပ်ပြာတို့ဖြင့် အချိန် ၁၅ မိနစ်ကြာအောင် ဆေးကြောသန့်စင်ရန်၊ ဒဏ်ရာကို ဆေးကြောသန့်စင်ပြီးနောက် နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနတို့တွင် ခွေးရူးပြန်ကာကွယ်ဆေး (Post- Exposure Prophylaxis - PEP) မဖြစ်မနေ ထိုးနှံပေးရန် လိုအပ်သည်။ ကိုက်သည့် ခွေးသည် ခွေးရူးပြန်ရောဂါလက္ခဏာမပြသည့်တိုင် ၎င်း၏ သွားရည်ထဲတွင် ခွေးရူးပြန်ရောဂါဗိုင်းရပ်စ် ပါရှိနေနိုင်ခြင်းကြောင့် ကာကွယ်ဆေးကို တတ်နိုင်သမျှ ဆောလျင်စွာထိုးနှံကြရန်နှင့် ခွေးရူးပြန်ရောဂါသည် ကာကွယ်ဆေးမှတစ်ပါး ဆေးမြီးတိုများအပါအဝင် အခြားမည်သည့် ကုသနည်းများနှင့်မျှ အချိန်မကုန်စေရန် ကျန်းမာရေးပညာရှင်များက အသိပေးတိုက်တွန်းထားသည်။

ခွေးရူးရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် မိမိတို့၏ အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး နှစ်စဉ် ပုံမှန် ထိုးနှံပေးရန်လိုသည်။ မိမိတို့၏ အိမ်မွေးခွေးများကို ပြင်ပမွေးများနှင့် မထိတွေ့စေရန် လေ့ာင်အိမ်၊ ဝင်းခြံများနှင့် လုံခြုံစွာ မွေးမြူကြရမည်ဖြစ်သည်။ ၎င်းတို့အား ပြင်ပသို့ ခေါ်ဆောင်သွားသည့်အခါ သို့မဟုတ် လွတ်ကျောင်းခြင်း၊ လမ်းလျှောက်ခြင်းတို့ ပြုလုပ်သည့်အခါတွင် လေလွင့်ခွေးများနှင့် မထိတွေ့စေရန် ခွေးချည်ကြိုးဖြင့် သေချာစွာ ချည်နှောင်ပြီးမှ ခေါ်ဆောင်သွားကြရန်လိုသည်။ ခွေးရူးပြန်ရောဂါအဖြစ်များသည့် ဒေသတွင် နေထိုင်နေရပြီး ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် ထိတွေ့နေရသူများမှာ ခွေးရူးပြန်ကြိုတင်ကာကွယ်ဆေးကို ထိုးနှံထားသင့်ကြောင်းလည်း ပညာရှင်များက အသိပညာဖြန့်ဝေထားသည်။

မိမိတို့နိုင်ငံသည် "၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူ မရှိစေရ - Zero by 30" ရည်မှန်းချက်ကို အကောင်အထည် ဖော်လျက်ရှိရာ ပြည်သူလူထုကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးကဏ္ဍအသီးသီးတို့မှ သက်ဆိုင်ရာ အဖွဲ့အစည်းများက လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် နီးကြားတက်ကြွစွာ ပါဝင်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာစာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၁၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဒီဇိုင် ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၀၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၁၂၁၊ ၀၆၇-၃၆၁၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper





ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်းအတွင်း လိပ်ခုံးပုံအဆောက်အအုံအား မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများက တက္ကသိုလ်ဘူတာရုံအနီး ကျောင်းသား ကျောင်းသူများ နေ့စဉ်အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရန် YBS ဘတ်စ်ကားဂိတ်ထားရှိနိုင်ရေး ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်း တည်ဆောက်နိုင်မည့် လျာထားနေရာ ရွေးချယ်ထားရှိမှု၊ ကျောင်းအတွင်းရှိ ဗိုလ်မှူး ဗထူး လမ်း လမ်းဘေးဘယ်သာ လူသွားပလက်ဖောင်းများ ဆောင်ရွက်ခြင်းနှင့် ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ တက္ကသိုလ်ဝင်းအတွင်း ယာဉ်ကြောမျဉ်းနှင့် လူကူးမျဉ်းကျားများ စနစ်တကျ ဆေးရေးဆွဲသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းနေရာ တည်ဆောက်ရာ၌ မြေသားအောက်ခံဖောင်ဒေးရှင်း ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာအသုံးပြုနိုင်ရေး လူသွားပလက်ဖောင်းများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ကျောင်းဆင်း၊ လှုပသည့်၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ ရေဝပ်ဧရိယာများ မရှိစေရေး အတွက်လည်း ဖြေရှင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျ ဖော်ထုတ်ပေးခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းတွင်းလမ်းများကိုလည်း သတ်မှတ်ချက်များနှင့် အညီဖြစ်စေရေး စနစ်တကျ ပြန်လည်အဆင့်မြှင့်တင်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန်တို့က တက္ကသိုလ်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်၏ လိုအပ်ချက်များ၊ ဘာသာရပ်များအလိုက် သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ်(၁)ရန်ကုန်ဝင်းအတွင်း ရှေးယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အအုံအား မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် အသစ်ပြန်လည် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးတက္ကသိုလ်(၁) နှင့် (၂) တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတသည်တည်ဆောက်ရေးလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အအုံ၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာဆန်းစစ်၍ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် လိပ်ခုံးပုံများ ဝန်းကျင်ခန့်တွင် ယိုယွင်းပျက်စီးလာခြင်း၊ အုပ်ပိုင်းမိုးရေချိန်နှင့် ကာလကြာမြင့်မှုတို့ကြောင့် သစ်သားဖွဲ့စည်းပုံများ ပျက်စီးယိုယွင်းလာကာ လူအများအသုံးပြုနိုင်မှု မရှိတော့ခြင်း၊ ရေညှည်ပြုပြင် ထိန်းသိမ်းရန် ကုန်ကျစရိတ် ကြီးမားလှခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် အဆိုပါလိပ်ခုံးပုံ အဆောက်အအုံအား ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ရောက်ရှိကြပြီး အုပ်ချုပ်မှုအဆောက်အအုံ ရှင်းလင်းဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြှင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်ဦးက လှိုင်တက္ကသိုလ်များ နယ်မြေဆိုင်ရာ အချက်အလက်များနှင့် တက္ကသိုလ်များ၊ စာသင်ဆောင်များ တည်ဆောက်ထားရှိမှုအခြေအနေ၊ လှိုင်တက္ကသိုလ် နယ်မြေအတွင်း တက္ကသိုလ်များအလိုက် အိပ်ဆောင်များနှင့်စာသင်ဆောင်များ တည်ရှိမှုအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု၊ စာသင်ဆောင်များ၊ Theaterများတည်ရှိမှုနှင့် လှိုင်တက္ကသိုလ်များနယ်မြေအတွင်း သင်ကြားမှု၊ သင်ယူမှုနှင့် အုပ်ချုပ်မှု အခြေခံအဆောက်အအုံများ၏ အခြေအနေနှင့် ထပ်မံလိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာများနှင့် ပတ်သက်၍လည်း ကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာများနှင့် ပေးအပ်လျက်ရှိသည့် ဘွဲ့များ၊ သင်ကြား၊ သင်ယူမှုဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများအလိုက် ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေသုံးစွဲမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်းရှိ တက္ကသိုလ်အဆောက်အအုံ အကွက်ချဆောင်ရွက်ထားရှိမှု မြေပြင်အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။



ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်းရှိ Auditorium အဆောက်အအုံအား တွေ့ရစဉ်။





Theater အား ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ Theater အား ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းကာ လှိုင်တက္ကသိုလ်များ နယ်မြေနှင့် ကမာရွတ်တက္ကသိုလ် နယ်မြေတို့အတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တစ်စုတစ်စည်း တည်ဆောင်ရွက်နိုင်ရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလျင်မြန်အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစည်းထားရှိနိုင်ရန်လို ကြောင်း၊ ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လို ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသ၏ ကောင်းရာကောင်းကျိုးများကို နိုင်ငံဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို ကြောင်း၊ တက္ကသိုလ်များအလိုက် ဘာသာရပ်များ အလိုက် တက်ရောက်ကြသည့် ကျောင်းသားဦးရေ အချို့၊ သင်ကြားသင်ယူမှုအခြေခံအဆောက်အအုံနှင့် သင်ကြားရေး ဝန်ထမ်းအချို့တို့ကို စနစ်တကျ တွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အအုံတိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များအား စုပေါင်းသင်ကြားစေခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြား၊ သင်ယူမှု အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်း သဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏ အဓိက ပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အအုံများ တည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံ ဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်တည်ဆောက်သွားကြရန်နှင့် ရေရှည် အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့အား ကျောင်းသားဦးရေနှင့် သင်ကြားရေးဝန်ထမ်းများ၏ အချို့၊ အခြေခံအဆောက်အအုံလိုအပ်ချက်အချို့တို့ကို ဆန်းစစ်လေ့လာတွက်ချက်၍ တစ်စုတစ်စည်းတည်းဖြစ်စေရေး စုစည်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အဖြေရှာဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များအလိုက် အခြေခံအဆောက်အအုံများ၏ အသုံးပြုမည့်အကြောင်းအရာ၊ လူဝင်ဆုံမှုတို့အလိုက် အဆောက်အအုံကြီးနိုင်မှုများကိုလည်း ပြန်လည်တိုင်းတာ ဆန်းစစ်ပြုစု၍ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်း လှည့်လည်၍ Theater များ၊ စာသင်ဆောင်များ၊ ဘာသာရပ်အလိုက် စာပေဌာနများ၊ စာကြည့်တိုက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား ကျောင်းသူများ၏ အဆောင်များ စသည်ဖြင့် တက္ကသိုလ်အဆောက်အအုံအကွက်ချဆောင်ရွက်ထားရှိမှု မြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

✿ လှိုင်တက္ကသိုလ်များနယ်မြေနှင့် ကမာရွတ်တက္ကသိုလ်နယ်မြေတို့အတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တစ်စုတစ်စည်းတည်းဆောင်ရွက်နိုင်ရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလျင်မြန်အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစည်းထားရှိနိုင်ရန်လို

✿ ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လို

✿ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို

❏ *အားကောင်းသောလေဖိအားနည်းရာပဝန်းမှ*

အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ ၆၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ ၆၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောလေဖိအားနည်းရာပဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ် တို့တွေ့ရှုသွင်း လေသန့်ရှင်း မခြွင်းရမှာ တောကသာ

◆ *ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ*

ပွဲတော်တစ်ခုဖြစ်မှာပါ” ဟု Bagan Lover မှ ဦးပြည့်စုံက ပြောသည်။

ထိုသို့ မီးပုံးပျံလွှတ်တင်ရာတွင် ပလတ်စတစ်နှင့် စက္ကူဖြင့် ပြုလုပ်ထားသည့် မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်းတို့တွင် နေရာသုံးနေရာခွဲ၍ လွှတ်တင်သွားမည်ဖြစ်ပြီး ဒေသစုံမှ ဓာတ်ပုံဝါသနာရှင်များ၊ ပန်းချီဆရာများ၊ မြန်မာ့ရှုခင်းအလှ ရိုက်ကူးသူများနှင့် မီဒီယာအဖွဲ့များလည်း လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂံဒေသ၏ သီတင်းကျွတ်ပွဲတော်ကို မီးပုံးပျံများတွင် ငွေပဒေသာပင်ချိတ်ဆွဲ၍ ပုံသကူပစ်သော ကုသိုလ်ပြုသည့် အစီအစဉ် ပွဲတော်၌ အညာဒေသထွက် အစားအစာများကို နွားလှည်းပေါ်တွင် ရောင်းချပေးသည့် အစားအစာပွဲတော် အစီအစဉ် အပါအဝင် အခြားအစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ပုဂံဒေသ၏ ခရီးသွားရာသီ အစဖြစ်သည့် သီတင်းကျွတ်ပွဲတော်တွင် ပထမဆုံးအကြိမ်အဖြစ် မီးပုံးပျံအလုံးရေ များစွာလွှတ်တင်၍ မြတ်ဗုဒ္ဓအား အလင်းရောင်ဖြင့် ပူဇော်ခြင်းကို ခရီးသွားများ ကုသိုလ်ယူနိုင်ရန်နှင့် ပြည်တွင်း/ပြည်ပခရီးသွားများ ပုဂံဒေသ၏ သီတင်းကျွတ်လပြည့်ညအလုံကို အားပါးတရကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

သစ္စာ(MNA)၊ ဓာတ်ပုံ - BL

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်း ပြသထားသည့် ပြခန်းများအား ကြည့်ရှုအားပေးစဉ်။

*** ကျောပုံးမှ**

အခမ်းအနားသို့ ဗဟို ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ပညာဌာနမှူးများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကမ္ဘာမြေကိုပုံဖော်မည့် နည်းပညာ" သီချင်းဖြင့် ကပြ ဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ "ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့" (Digital Agenda and Artificial Intelligence to Redesign Tourism) ဖြစ်ကြောင်း၊ ယင်း ဆောင်ပုဒ်သည် ဧတော်သစ်ကမ္ဘာကြီး၏ လျင်မြန်စွာပြောင်းလဲနေသည့် နည်းပညာရေစီးကြောင်းနှင့်အညီ ခရီးသွားလုပ်ငန်းကို အမြော်အမြင်ရှိရှိနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလွန်သင့်လျော်ပြီး အချိန်ကိုက်ဖြစ်သည့် လမ်းညွှန်ချက်တစ်ခုဖြစ်ကြောင်း။

ဉာဏ်ရည်တုနှင့် ဒီဂျစ်တယ် နည်းပညာများကို အသုံးပြုခြင်းသည် ခရီးသွားဧည့်သည်များ အတွက် ပိုမိုကောင်းမွန်သည့် ခရီးသွား အတွေ့အကြုံများကို ဖန်တီးပေးနိုင်သကဲ့သို့ ခရီးသွား လုပ်ငန်း ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ အတွက်လည်း လုပ်ငန်းစီမံခန့်ခွဲမှု၊ ဈေးကွက် ရှာဖွေမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာကိုအသုံးချရာတွင် နည်းပညာ၏ အကျိုးကျေးဇူးများကို အာရုံစိုက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေး၊ ကိုယ်ရေးအချက်အလက်ကာကွယ်ရေး၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့်လူသားဗဟိုပြုမှု အစရှိသည့် အချက်များကိုလည်း အလေးထားသတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာကခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စရပ်များတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ ဆောင်ရွက်ခြင်းများအပြင် ဒီဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဆိုပါက ခရီးသွားလုပ်ငန်း ပိုမို တိုးတက်လာမည်ဖြစ်ကြောင်း။

နည်းပညာ အသစ်များကို အသုံးပြုသည့်အခါ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ထိခိုက်မသွားဘဲ ပိုမိုကောင်းမွန်လာရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည့် ဒေသထွက် လက်မှုပညာလုပ်ငန်းရှင်များ၊ တည်ခိုခန်းလုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များပါ ဒီဂျစ်တယ်စနစ်၏ အကျိုးကျေးဇူးကို ခံစားရရှိရန် အရေးကြီးကြောင်း၊ လက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချသည့် ထုတ်ကုန်ပစ္စည်းများကို ဒီဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရမည် ဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ ရည်မှန်းချက်နှင့်အညီ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီနည်းပညာဆန်းသစ်မှုများကို တီထွင်ဖန်တီး အသုံးချပြီး နိုင်ငံတော်၏ ခရီးသွားကဏ္ဍကို အဆင့်အတန်းသစ် တစ်ခုထိ တက်လှမ်းနိုင်အောင် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ချုပ် Ms. Shaikha Al Nuwais ၏ သတင်းစကား ရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစား Video ကို လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "ခရီးသွားခြင်းနှင့်ကမ္ဘာ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဝန်ဆောင်မှု စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ ခရီးလှည့်လည်ရေး လုပ်ငန်းကုမ္ပဏီများနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် Short Video ပြိုင်ပွဲ၊ စာတမ်းဖတ်ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဖြစ် ခင်းကျင်း ပြသထားသည့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြခန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် ပြခန်း၊ ဆုရရှိခဲ့ကြသည့် ဓာတ်ပုံ၊ ဆောင်းပါး၊ စာတမ်း၊ စာစီစာကုံး၊ ကုမ္ပဏီများနှင့် ဟိုတယ်များမှ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၀ ပြည့်နှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်သည် (၄၆)နှစ်တိုင်ခဲ့ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် Short Video ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ဒေါ်နန်းမောက်လောဝ်ဆိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

"မွေနိုင်ပါမြဲ ပြည်သူ့ရဲ့"

❖ ပြည်ထဲအရေး "ပေါက်နဲ့ကျေး"ဟု
ရေးဆိုစကား ရှိပါငြားလည်း
အားထားပြည်သူ အချစ်မူ၍
ထူဝေလွေ့အောင် တိုင်းကျိုးဆောင်ကာ
မောင်တို့စွန့်ကဲ့ "ပြည်သူ့ရဲ့"။

❖ အသက်အိုးအိမ် ပြည့်စုံစီမံကို
တိမ်နက်မခွဲ စောင့်ရှောက်တွဲလျက်
ပွဲတွေ့အောင်ပန်း အစဉ်တန်းပြီး
ထမ်းကာသယ်ပိုး မျိုးအကျိုးမို့
တိုးမြှင့်ရှေ့ခဲ "ပြည်သူ့ရဲ့"။

❖ တပ်၏ညီလေး ပြည်၏ဆေးဟု
ပေးယူမှုတ လက်တွဲပြကာ
စလယ်အဆုံး လျှောက်ပြဦး၍
သုံးဝင်ဝန်ထမ်း ပြည်ချစ်ပန်းကား
လန်းတင့်ဝံ့ဆဲ "ပြည်သူ့ရဲ့"။

❖ ပြည်သူနှင့်ရဲ့ ချစ်ကြည်မြလျက်
နွဲကာတူညီ ရှေ့သို့ချီ၍
ဝီတိလျှောက်လှမ်း ပြုစုန်းသို့
တန်းမတ်ဝံ့ဆဲ "ပြည်သူ့ရဲ့"ဟု
သည်းဝယ်မှတ်ပေ့ ပြည်သူ့ရဲ့နေ့
မွေနိုင်ပါကြောင်း မြဆုတောင်း၏။ ။

ညိုဝင်း(ချစ်မြေ)
မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်-၆၆၅၁

အမှန်တကယ်ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ်မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း(၄)

ကောင်းပြည့်

အီတိုင်းပုစီမံကိန်း၏ အောင်မြင်မှုတစ်ခုဖြစ်သော "ဇီဝမျိုးစုံမျိုးကွဲ စကြီး" (Biodiversity Corridor) တည်ထောင်သည့် နည်းလမ်းကိုလည်း မြစ်ဆုံဒေသတွင် ကျင့်သုံးသင့်ပါသည်။ ဆည်ပတ်လည်ရှိ ကျန်ရှိနေသော သဘာဝတောအုပ်များကို တစ်ခုနှင့်တစ်ခု ပြန်လည်ဆက်သွယ်ပေးခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များ ဘေးကင်းစွာ ကူးသန်းသွားလာနိုင်ရန် ဖန်တီးပေးခြင်းမှာ မြစ်ဆုံစီမံကိန်း၏ ဂေဟစနစ်ဆိုင်ရာ တာဝန်ယူမှုကို ပြသရာရောက်ပါသည်။ အဆိုပါနည်းလမ်းသည် သစ်တောများပြုန်းတီးခြင်းကို တားဆီးပေးရုံသာမက မျိုးသုဉ်းလုနီးပါး သတ္တဝါများကိုလည်း ပြန်လည်ရှင်သန်ခွင့်ပေးနိုင်မည်ဖြစ်ပါသည်။

မြစ်ဆုံစီမံကိန်းတည်ရှိရာနေရာသည် အသက်ဝင်နေဆဲဖြစ်သော စစ်ကိုင်းပြတ်ရွှေ့ကြောနှင့် ကီလိုမီတာ ၁၀၀ ဝန်းကျင်သာ ကွာဝေးပြီး အခြားပြတ်ရွှေ့ခွဲများနှင့် နီးကပ်နေသည်ဟု ဘူမိဗေဒ ပညာရှင်များက ထောက်ပြကြသော်လည်း ယနေ့ခေတ်အဆင့်မြင့် အင်ဂျင်နီယာအတတ်ပညာများက ထိုစိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ပြီဖြစ်သည်။ စီမံကိန်းတွင် အသုံးပြုမည့် ကျောက်ဖြည့်တမံ (Rock-fill Dam) ဒီဇိုင်းသည် ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် တုန်ခါမှုလှိုင်းများကို ပျော့ပျောင်းစွာတုံ့ပြန်နိုင်စွမ်းရှိပြီး ကွန်ကရစ်တမံများထက် ပိုမိုခိုင်ခံ့ဘေးကင်းပါသည်။ ပြင်းအား ၈ ဒသမ ၀ ရစ်ခ်တာစကေးအထက်ရှိသော ငလျင်ဒဏ်ကိုပင် ကြံ့ကြံ့ခံနိုင်ရည်ရှိစေရန် အသေးစိတ်တွက်ချက်ပုံစံထုတ်ထားခြင်းက ဒေသတွင်း လုံခြုံစိတ်ချရမှုကို အပြည့်အဝအာမခံချက်ပေးထားခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတကာအဆင့်မီ ငလျင်တိုင်းတာရေးနှင့် ကြိုတင်သတိပေးစနစ်

ထို့အပြင် နိုင်ငံတကာအဆင့်မီ ငလျင်တိုင်းတာရေးနှင့် ကြိုတင်သတိပေးစနစ်များကို စီမံကိန်းဧရိယာတစ်ဝိုက်တွင် စနစ်တကျ တပ်ဆင်ထားမည်ဆိုပါက သဘာဝဘေးအန္တရာယ်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။ ပြတ်ရွှေ့နှင့်နီးကပ်သည့် အခြားသော ကမ္ဘာ့နိုင်ငံများရှိ ဆည်ကြီးများသည်လည်း နည်းပညာပိုင်းဆိုင်ရာ ခိုင်မာမှုကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဘေးကင်းစွာ လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပညာရှင်များ၏ စိုးရိမ်မှုများကို နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များဖြင့် စနစ်တကျ ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် အရေးပါသော လျှပ်စစ်စွမ်းအင်ကို ဘေးကင်းလုံခြုံစွာ ထုတ်ယူနိုင်ရုံသာမက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

> **“ မြန်မာနိုင်ငံအတွက်လည်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်၏ အနာဂတ်ကို လင်းထိန်စေမည့်၊ စက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာမြောက် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ မြစ်ဆုံစီမံကိန်းမှ ထွက်ရှိလာမည့် ဧရာမလျှပ်စစ်စွမ်းအားသည် မြန်မာနိုင်ငံ၏ စက်မှုဇုန်များကို အရှိန်အဟုန်ဖြင့် လည်ပတ်စေမည်ဖြစ်ပါသည်။ လျှပ်စစ်မီးတည်ငြိမ်စွာရရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များ သိသိသာသာကျဆင်းလာကာ မြန်မာ့ထုတ်ကုန်များသည် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာပါလိမ့်မည်။ ယင်းကဲ့သို့သော အရှိန်အဟုန်ဖြင့် တိုးတက်မှုသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ရုံသာမက ပြည်တွင်းရှိ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်မည့် အနာဂတ်မျှော်လင့်ချက်လည်းဖြစ် ”**

မြစ်ဆုံဒေသ၏ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများကို သစ်တောထိန်းသိမ်းရေးနှင့် စီမံကိန်း၏ အကျိုးကျေးဇူးများတွင် တိုက်ရိုက်ပါဝင်စေခြင်း၊ ပညာပေးခြင်းနှင့် လူနေမှုဘဝပြန်လည်ထူထောင်ခြင်းတို့ကို စနစ်တကျ လုပ်ဆောင်မည်ဆိုပါက လူနှင့် သဘာဝပတ်ဝန်းကျင်မျှတစွာ ရှင်သန်နိုင်သည့် စနစ်တစ်ခုဖြစ်လာပါမည်။ စီမံကိန်းမှ ရရှိလာသော အကျိုးအမြတ်များကို ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအသုံးပြုခြင်းဖြင့် လူမှုရေးရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတကာအဆင့်မီ သာယာဝပြောသော **"အမြင်သစ် မြန်မာနိုင်ငံ (A New Vision of Myanmar)"** လူ့ဘောင်လောကကို တည်ဆောက်နိုင်ရန်အတွက် လုံလောက်သော လျှပ်စစ်စွမ်းအင် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရန်မှာ ယနေ့ခေတ်တွင် အမျိုးသားရေး တာဝန်တစ်ရပ်ကဲ့သို့ အလွန်ပင် အရေးကြီးလှပါသည်။ အဆိုပါ မြင့်မြတ်သော မျှော်မှန်းချက်ကို အတိုဆုံးသောအချိန်ကာလအတွင်း လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်မည့် မဟာဗျူဟာမြောက် စီမံကိန်းကြီးမှာ မြစ်ဆုံစီမံကိန်းပင်ဖြစ်ပါသည်။

အကယ်၍ကျွန်ုပ်တို့သည် ကမ္ဘာ့အောင်မြင်သော စံနမူနာများမှ နည်းပညာနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံများကို သင်ခန်းစာယူကာ မြန်မာ့ပထဝီဝင် အနေအထားနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်နိုင်မည်ဆိုပါက မြစ်ဆုံစီမံကိန်းသည် မြန်မာ့စီးပွားရေးကို အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာစေမည့် သမိုင်းဝင် အလှည့်အပြောင်းကြီးတစ်ခု ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲအသေအချာပင် ဖြစ်ပါသည်။

ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့၏ အီတိုင်းပုစီမံကိန်းနှင့် တရုတ်နိုင်ငံ၏ မြစ်ကျဉ်းသုံးသွယ် ရေကာတာတို့သည် လူသားတို့၏ နည်းပညာစွမ်းပကားဖြင့် သဘာဝတရားကို အကျိုးရှိရှိ ထိန်းကျောင်းကာ နိုင်ငံ၏ ကံကြမ္မာကို မည်သို့ပြောင်းလဲပစ်နိုင်သည်ဆိုသည့် သက်သေပြချက်များပင်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းကြီးများသည် ရိုးရှင်းသော ကွန်ကရစ်တံတိုင်းကြီးများ မဟုတ်ဘဲ နိုင်ငံ၏စီးပွားရေးကို မောင်းနှင်ပေးသည့် အင်အားကြီးမားသော နှလုံးသွေးကြောများအဖြစ် ဆယ်စုနှစ်များစွာ တည်ရှိနေကြပါသည်။ အဆိုပါကမ္ဘာ့စံနမူနာပြုစီမံကိန်းများထံမှရရှိသော အဓိကသင်ခန်းစာမှာ ခေတ်မီအင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ပါက ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့နိုင်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် မဟာဗျူဟာမြောက် အခွင့်အလမ်းတစ်ခုဖြစ်

မြန်မာနိုင်ငံအတွက်လည်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်၏ အနာဂတ်ကို လင်းထိန်စေမည့်၊ စက်မှုကဏ္ဍနှင့် လူမှုစီးပွားဘဝများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာမြောက် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။ မြစ်ဆုံစီမံကိန်းမှ ထွက်ရှိလာမည့် ဧရာမလျှပ်စစ်စွမ်းအားသည် မြန်မာနိုင်ငံ၏ စက်မှုဇုန်များကို အရှိန်အဟုန်ဖြင့် လည်ပတ်စေမည်ဖြစ်ပါသည်။ လျှပ်စစ်မီးတည်ငြိမ်စွာ ရရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များ သိသိသာသာ ကျဆင်းလာကာ မြန်မာ့ထုတ်ကုန်များသည် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာပါလိမ့်မည်။ ယင်းကဲ့သို့သော အရှိန်အဟုန်ဖြင့် တိုးတက်မှုသည် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရုံသာမက ပြည်တွင်းရှိ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်မည့် အနာဂတ်မျှော်လင့်ချက်လည်း ဖြစ်ပါသည်။

ထို့အပြင် စီမံကိန်းသည် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိစေခြင်းဖြင့် အမျိုးသားဝင်ငွေ (GDP) ကို မြှင့်တင်ပေးနိုင်ရုံသာမက ပိုလျှံသော လျှပ်စစ်ဓာတ်အားကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာသော နိုင်ငံခြားဝင်ငွေကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် မြစ်အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု ဘေးအန္တရာယ်ကို ထိန်းညှိပေးခြင်း၊ နွေရာသီစိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ခြင်းနှင့် ရေကြောင်းသွားလာရေးကို ပိုမိုကောင်းမွန်စေခြင်း စသည့် တန်ဖိုးမဖြတ်နိုင်သော ဘေးထွက်အကျိုးကျေးဇူးများကိုပါ မြန်မာပြည်သူများအတွက် ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် စီမံကိန်းတည်ရှိရာ ကချင်ပြည်နယ်အတွက် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းသည် ဒေသတွင်း လျှပ်စစ်မီး အပြည့်အဝရရှိစေရုံသာမက လမ်းတံတားနှင့် အခြေခံအဆောက်အအုံများကိုပါ တစ်ပါတည်း တိုးတက်ကောင်းမွန်လာစေမည့် ဖွံ့ဖြိုးရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်ပါသည်။ စီမံကိန်းကြောင့် ပေါ်ထွက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် နည်းပညာလွှဲပြောင်းမှုများသည် ဒေသခံလူငယ်များ၏ အနာဂတ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ရေကြောင်းသွားလာရေး ပိုမိုကောင်းမွန်လာခြင်းနှင့် ရေဘေးအန္တရာယ်ကို စနစ်တကျ ထိန်းချုပ်ပေးနိုင်ခြင်းတို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုလုံခြုံစိတ်ချရလာမည်ဖြစ်ပါသည်။

ထို့ပြင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကြောင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs) ကျယ်ပြန့်လာကာ ကချင်ပြည်နယ်၏ ဒေသထွက်ကုန်များကို နိုင်ငံတကာဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်တော့မည်ဖြစ်သလို၊ စနစ်တကျ ဖော်ဆောင်မည့် အစိမ်းရောင်ဇုန်များနှင့် ဂေဟစနစ် ခရီးသွားလုပ်ငန်း (Ecotourism) များကြောင့် ပြည်နယ်၏ သဘာဝအလှတရားကို ထိန်းသိမ်းရင်း ဒေသခံများအတွက် ရေရှည်တည်တံ့သော ဝင်ငွေလမ်းကြောင်းများကိုလည်း ကဏ္ဍစုံမှ ပွင့်လန်းလာစေမည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိအောင်မြင်သော ရေအားလျှပ်စစ်စီမံကိန်းများ၏ အနှစ်သာရဖြစ်သည့် မြစ်၏မူလရေစီးနှုန်းနှင့် ရေပမာဏကို မြစ်အောက်ပိုင်းသို့ ပုံမှန်စီးဆင်းစေမည့်နည်းစနစ်များ၊ ငါးကူးလမ်းကြောင်းများ၊ နုန်းထုတ်ပြွန်စနစ်များ (Sediment Flushing Outlets)၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအစီအမံများနှင့် ခေတ်မီငလျင်ဒဏ်ကာကွယ်ရေးနည်းပညာများကို မြစ်ဆုံစီမံကိန်းတွင် စနစ်တကျ ထည့်သွင်းကျင့်သုံးသွားမည်ဆိုပါက ကျွန်ုပ်တို့၏ အမိဧရာဝတီမြစ်၏ ဂေဟစနစ်ကို ရေရှည်တည်တံ့စေရုံသာမက နိုင်ငံတော်အတွက် အဖိုးတန်လှသော စွမ်းအင်ရတနာများကိုပါ ဘေးကင်းလုံခြုံစွာ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။

ရေအားလျှပ်စစ်ကဲ့သို့သော သန့်ရှင်းသော စွမ်းအင်သည် ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အထိရောက်ဆုံးသော လက်နက်တစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် လူသားတို့၏ ဆန်းသစ်တီထွင်မှုစွမ်းပကားနှင့် သဘာဝတရား၏ အရင်းအမြစ်များကို ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်ခြင်းဖြင့် မြစ်ဆုံစီမံကိန်းသည် နောင်လာနောက်သား မျိုးဆက်များအတွက် စွမ်းအင်လုံခြုံမှု၊ လူမှုစီးပွားသာယာဝပြောမှုနှင့် အစိမ်းရောင်အနာဂတ်ကို ထွန်းလင်းတောက်ပစေမည့် **'အနာဂတ်၏ မီးရှူးတန်ဆောင်'** တစ်ခုအဖြစ် မြန်မာ့မြေပေါ်တွင် ခိုင်မာစွာ ပေါ်ထွန်းလာသင့်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

> **❒ စီမံကိန်းတည်ရှိရာ ကချင်ပြည်နယ်အတွက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် ဒေသတွင်း လျှပ်စစ်မီးအပြည့်အဝရရှိစေရုံသာမက လမ်းတံတားနှင့် အခြေခံအဆောက်အအုံများကိုပါ တစ်ပါတည်း တိုးတက်ကောင်းမွန်လာစေမည့် ဖွံ့ဖြိုးရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်ပါသည်။ စီမံကိန်းကြောင့် ပေါ်ထွက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် နည်းပညာလွှဲပြောင်းမှုများသည် ဒေသခံလူငယ်များ၏အနာဂတ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ရေကြောင်းသွားလာရေး ပိုမိုကောင်းမွန်လာခြင်းနှင့် ရေဘေးအန္တရာယ်ကို စနစ်တကျ ထိန်းချုပ်ပေးနိုင်ခြင်းတို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုလုံခြုံစိတ်ချရလာမည်ဖြစ်**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ကျောက်ကပ်သန့်စင်စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ဆေးကုသဝန်ဆောင်မှုအပြင် ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့် ဝန်ဆောင်မှုတိုးချဲ့ဆောင်ရွက်နိုင်ရေး ကျောက်ကပ်သန့်စင်စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စမ်းသပ်လည်ပတ်မှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အောက်တိုဘာလ အတွင်း အာမခံအလုပ်သမား လူနာများကို ကျောက်ကပ်သွေးသန့်စင်ပေးနိုင်ရေး လိုအပ်သော ဆေးပစ္စည်းများ အမြန်ဝယ်ယူနိုင်ရေး မှာကြားသည်။

ဆက်လက်၍လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကျောက်ကပ်သွေးသန့်စင်လုပ်ငန်းအတွက် လိုအပ်သောရေသန့်စက် တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးမှု၊ ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးဆောင်ရွက်နေမှုများနှင့် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ အာမခံအလုပ်သမားများ ကျောက်ကပ်သွေးသန့်စင်လုပ်ငန်းများ ဆောင်ရွက်လိုပါက အလုပ်သမားဆေးရုံ(ထန်းတပင်)၌ လာရောက်ဆေးကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး (ရန်ကုန်) တွင် ၈/၂၀၂၆ လထိ အာမခံအလုပ်သမားလူနာ ၅၃၀ အတွက် ဆေးကြောသည့် အကြိမ်ရေ ၃၀၄၅ ကြိမ်နှင့် အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာ ၃၀၈ ဦးအတွက် ဆေးကြောသည့်အကြိမ်ရေ ၂၅၄ ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထို့ပြင် အမှတ်(၂၇) အာနန္ဒာဘုရားလမ်းနှင့် မေယဝတီကျောင်းလမ်းထောင့် ဘဝမြင့်ရပ်ကွက် သဃ်ိန်းကျွန်းမြို့နယ်ရှိနည်းပညာအထောက်အကူပြုရုံး(ရန်ကုန်) အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းများအနေဖြင့် အလုပ်ရှင်များလိုအပ်သည့် ကျွမ်းကျင်သင်တန်းများ ပို့ချပေးနိုင်ရေး မျက်မြင်သဖြင့်ဆောင်ရွက်ရန်နှင့် သင်တန်းကျောင်းများ ဖွဲ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ မိမိဌာနများ၊ သင်တန်းကျောင်းများ အစဉ်မပြတ်ကောင်းမွန်မှုရှိစေရေး တာဝန်ကျဝန်ထမ်းများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိ လမ်းအချို့ ရေကြီးရေလျှံမှုနှင့် လမ်းရေကျော်လျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုဖြစ်ပွား



ထားဝယ် စက်တင်ဘာ ၂၇

ထားဝယ်မြို့နယ်အတွင်း ယမန်နေ့ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိ လမ်းအချို့ ရေကြီးရေလျှံလျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုကြုံတွေ့နေရသည့် မြို့ရွာများသို့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများ၊ သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိရာ သွားရောက်ရန် ခက်ခဲသော နေရာများသို့လည်း ပရဟိတ လူမှုကူညီရေးအသင်းများ၊ ဒေသခံများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇေဒိန်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ ပေါက်တိုင်းတံတားမြို့တွင်းရှိ ဆေးရုံကြီးလမ်းမြို့သစ် (၈)လမ်း ထားဝယ်ကမ်းနားလမ်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းရှေ့တို့၌ ရေကျော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေကာနံရံများကို စနစ်တကျဖြင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုရက်သည် လပြည့်ရက်ဖြစ်သောကြောင့် ဒီရေအတက်အကျကိုလည်း အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေစီးနှင့် အတူပါလာသော အမှိုက်များကိုလည်း စနစ်တကျသိမ်းဆည်းသွားရန် လိုအပ်ကြောင်းနှင့် ထားဝယ်မြို့နည်းတူ အခြား မြို့နယ်များတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **ထိုင်းဒေသကြီး(ပြန်/ဆက်)**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

နောင်ချို စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေး - လားရှိုး လမ်း(ပြည်ထောင်စုလမ်းမကြီး) ပေါ်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်ရုံးရှေ့၌ ဆောင်ရွက်သည်။

ထိုသို့ဖြန့်ဝေရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးဝဏ္ဏ၊ မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ရဲအုပ်ဟန်ထွန်းနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက လမ်းမကြီးပေါ် သွားလာသည့် မော်တော်ဆိုင်ကယ်စီးနင်း မောင်းနှင်သူများအား ယာဉ်မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီလက်ယာဘက်ကပ်မောင်းစေရေး၊ မော်တော်ဆိုင်ကယ်စီးနင်းရာတွင် အရေးကြီးဆုံးဖြစ်သော ဆိုင်ကယ် ဦးထုပ်ဆောင်းစေရေး၊ မေးသိုင်းကြိုးတပ်ဆင်ရေးတို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် အရည်အသွေး ပြည့်မီသော ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ ပေးဝေခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရောင်ပြန်စတေကာများ ကပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ ကြိန့်ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှု အခြေအနေကို ယမန်နေ့က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မရမ်းကုန်းမြို့နယ်ရုံး ဓာတ်အားခွဲရုံ၊ တော်ဝင်ဓာတ်အားခွဲရုံ၊ ၁၀ မိုင်ဓာတ်အားခွဲရုံ၊ လှော်ကားပင်မဓာတ်အားခွဲရုံ၊ ရွာမဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လာမည့်နွေရာသီ ဓာတ်အားသုံးစွဲမှုမြင့်မားချိန်တွင် ဓာတ်အား ပိုမို ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဖီဒါအသစ်များ တိုးချဲ့တပ်ဆင်၍ ဝန်အားမျှဖြန့်ဖြူးရေး၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ကြိန့်ခိုင်မှုရှိစေရန် ကြိုတင်စစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားရှိရေး တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အောင်လံမြို့နယ်၌ အရန်သားဖွားဆရာမ(အသစ်) သင်တန်းဖွင့်လှစ်

အောင်လံ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သည့် အရန်သားဖွားဆရာမ(အသစ်) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းလင်းအောင်တို့က အရန်သားဖွားဆရာမအသစ်မွေးထုတ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၃၄ ဦးဖြင့် ခြောက်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၄ ဒုတိယနေ့ ဆက်လက်ကျင်းပ

ဘားအံ စက်တင်ဘာ ၂၇

ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၄ ကို ပြည်နယ်၏ မြို့တော် ဘားအံမြို့တွင် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ ကျင်းပလျက်ရှိပြီး ယနေ့ ဖိုရမ် ဒုတိယနေ့ကို နံနက် ၈ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဆက်လက် ကျင်းပသည်။**(ယာပုံ)**

ဖိုရမ်တွင် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့(၃)ကိုယ်စားလှယ် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေး စာတမ်းကို လည်းကောင်း၊ အဖွဲ့(၄)ကိုယ်စားလှယ် ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းက ကရင်ပြည်နယ်အတွင်း နည်းပညာသက်ရောက်မှုများ ဥာဏ်ရည်တုနည်းပညာ AI စနစ်ထူထောင်ရေး၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media) ကွန်ရက်အဖွဲ့များ ထိရောက်သော သတင်းမှန်ပြန်ကြားရေးစာတမ်းကို လည်းကောင်း ဖတ်ကြားကြသည်။

ထို့အတူ ဖိုရမ်ပထမနေ့က ကရင်ပြည်နယ် လူငယ် စင်တာ၌ အစုအဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည့် ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေးနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း တည်ဆောက်ရေး၊ ကရင်ပြည်နယ်အတွင်း ပဋိပက္ခ ဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဒေသ ဖွံ့ဖြိုးမှုတိုးတက်ရေး၊ ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံအတူယှဉ်တွဲနေထိုင်ရေးခေါင်းစဉ်များကို အဖွဲ့လိုက်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်စီမံချက်များကို တက်ရောက်လာသူများနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုသို့နှိုင်းရေး ကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ဆွေးနွေးသုံးသပ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များအပေါ် အကြံပြုပြောကြားပြီး မြန်မာလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) MYDA ဥက္ကဋ္ဌက သုံးသပ်ချက်၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များကို အကြံပြုဆွေးနွေးကာ အဖွဲ့လိုက်ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ် အကြောင်းအရာများအလိုက် သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ဆုံးဖြတ်ချက် စာတမ်းကို ပါဝင်ဆွေးနွေးခဲ့ကြသူများက ဖတ်ကြားကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖိုရမ်သည် အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပပြီးစီးသွားမည်မဟုတ်ဘဲ ပြည်နယ်၏ ငြိမ်းချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်းများအကြား အပြန်အလှန်နားလည်မှုပူးပေါင်းဆောင်ရွက်မှုနှင့်အနာဂတ်မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးတို့အတွက်အတွေးအမြင်များ၊ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် လက်တွေ့လုပ်ငန်းစဉ်များကို အတူတကွဆွေးနွေးဖော်ထုတ်ခဲ့ကြသည့်အရေးပါသော ပလက်ဖောင်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ယမန်နေ့ကလည်း ကရင်ပြည်နယ် လူငယ် စင်တာ၌ အစုအဖွဲ့လေးဖွဲ့ခွဲ၍ ငြိမ်းချမ်းရေးနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းလေးစောင်ကို ဆွေးနွေးခဲ့ပြီး ထိုသို့ဆွေးနွေးမှုကို ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးစောသေးမောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင်ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာ စာတမ်းများအလိုက် ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ရခိုင်ပြည်နယ်လွတ်တော်၌ ရခိုင်ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ စက်တင်ဘာ ၂၇

၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ်လွတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်း အစည်းအဝေးတွင် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း(လျာထားချက်)တင်သွင်းလာမှုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်လွတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ်လွတ်တော် ကိုယ်စားလှယ်များက စိစစ်မှုများဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေတစ်ခုဖြစ်ပေါ်လာစေရေးအတွက် အစည်းအဝေးအား ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦး၊ ရခိုင်ပြည်နယ်လွတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)များကို မကြာမီ ကျင်းပမည့် တတိယအကြိမ် ရခိုင်ပြည်နယ်လွတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။



တင်ထွန်း(ပြန်/ဆက်)

ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ မရမ်းကုန်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ၏ အမျိုးသားရေးတန်ဖိုးနှင့် သမိုင်းတန်ဖိုးရှိသော မှတ်တမ်းမော်ကွန်းများကို သိရှိနိုင်စေရန်၊ ရယူစုဆောင်းထိန်းသိမ်းလျက်ရှိသည့် နည်းလမ်းများကို လူငယ်လူရွယ်များ လွယ်လင့်တကူလေ့လာနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ် (၁၃) အခြေခံပညာ မူလတန်းကျောင်း(လွန်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယမန်နေ့က ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။**(အောက်ပုံ)**

ထို့နောက် မော်ကွန်းတိုက် တာဝန်ရှိသူများက မော်ကွန်း ပြခန်းရှိ မော်ကွန်းနမူနာများနှင့် မြန်မာ့သမိုင်းကြောင်း ကာလ တစ်လျှောက်ထိန်းသိမ်းထားသည့် မော်ကွန်းများအကြောင်း၊ မော်ကွန်း ပြုပြင်ထိန်းသိမ်းရေး၏ လုပ်ငန်းများဖြစ်သော စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းကို လေ့လာခြင်း၊ Microfilming အခန်းတွင် မိုက်ခရိုဖလင်၏ အလုပ်လုပ်ပုံအကြောင်း အရာများ၊ ရိုက်ကူးခြင်း၊ အသုံးပြုခြင်း အကြောင်းအရာများနှင့် သုတေသီစာဖတ်ခန်းတို့ကိုလိုက်လံ ပြသရှင်းလင်း ပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ပျော်ရွှင်ဖွယ် ဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပဆောင်ရွက်ခဲ့ရာ အမှတ်တရ လက်ဆောင်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



မင်းသိန်းထွန်း

ဓာတ်ပုံ-ဝေယံ(မရမ်းကုန်း)

တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

တောင်ငူ စက်တင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)၊ တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ထန်းတပင်မြို့နယ် အုန်းပင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် အုန်းပင်ရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများ အဆိုပါလမ်းကို ဆောလျင်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ဓော်ကိုကို (တောင်ငူ)



ကျေးရွာသစ်တော ထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဇရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်းခွဲ ပြုလုပ်ရာ ဇရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခန်းများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

❑ *ကျောဖုံးမှ*

အဆိုပါဆုများအား Men's Bodybuilding up to 65 kg ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ကစားသမားရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာကစားသမား ဟိန်းဇော်လင်းက ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး Men's Sports Physique up to 170 cm ပြိုင်ပွဲတွင်လည်း အာဖဂန်နစ္စတန်၊ ထိုင်း၊ ပါကစ္စတန်၊ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ လာအိုနှင့် မော်လ်ဒိုက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ကစားသမား ၁၃ဦးယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာကာယဗလကစားသမား နေမျိုးထွဋ်မှ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ထို့အတူ Men's Bodybuilding up to 60 kg ပြိုင်ပွဲတွင် အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဟောင်ကောင် (တရုတ်)တို့မှ ကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာကစားသမား အောင်ထွန်းက ကြေးတံဆိပ်တစ်ခုနှင့် ယနေ့ယှဉ်ပြိုင်သည့် Women's Wellness Physique ပြိုင်ပွဲ၌ မွန်ဂိုလီးယား၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်(တရုတ်)နိုင်ငံတို့မှ ကစားသမားကိုးဦး ယှဉ်ပြိုင်ကြရာ မိုးသက်ခိုင်က တတိယကြေးတံဆိပ် ဆွတ်ခူးရရှိပြီး မြန်မာကစားသမား ဟိန်းဇော်လင်းသည် ကာယဗလမောင် ၆၅ ကီလိုတန်းတွင် အကောင်းဆုံးကိုယ်ဟန်ပြဆု(Best Poser 2026 Asia)ကို ရရှိခဲ့သည်။

အာရှကာယဗလနှင့် ကာယကြံခိုင်မှုအားကစားချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးချိုထွန်းအောင်ဦးဆောင်ကာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ခိုရိုဂင်း(နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)နှင့် ပြိုင်ပွဲဝင်ကစားသမား ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုတံဆိပ် လေးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■ *ကျောဖုံးမှ*

အဆိုပါ ကမ္ဘာ့ဖလား နဂါးလေ့လော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအသင်းအနေဖြင့် စက်တင်ဘာ ၂၅ ရက်က ငွေတံဆိပ်တစ်ခု၊ စက်တင်ဘာ ၂၆ ရက်က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိခဲ့ပြီး ယနေ့တွင် ငွေတံဆိပ်တစ်ခု ထပ်မံရရှိကာ စုစုပေါင်း ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

မြန်မာနိုင်ငံအသင်းသည် တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ခွဲနဂါးလေ့လော် လက်ရည်စစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ယွမ်လင်မြို့မှ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

▲ *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန်တွင် Galaxy အသင်းတိုက်စစ်မှူး သက်နိုင်ဦးက ပွဲချိန် ၃၁ မိနစ်တွင် ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့သော်လည်း ပွဲချိန် ၃၄ မိနစ်တွင် ဒဂုံစတားယူနိုက်တက်အသင်းမှ ညီနိုင်က ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင် ဦးဆောင်ဂိုးရရှိရေး အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၆၀ တွင် ညီနိုင်က ဒဂုံစတားယူနိုက်တက် အတွက် ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် ၇၅ မိနစ်တွင် Galaxy အသင်းအတွက် သက်နိုင်ဦးက ပယ်နယ်တီမှတစ်ဆင့် ဒုတိယချေပဂိုးကို ပြန်လည်သွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီဖြင့် ရလဒ်တူနေခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် နောက်ကျအနိုင်ဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဇော်ဂိုဘိုထွဋ်က သွင်းယူပေးခဲ့သဖြင့် Galaxy အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်၏ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက် တိုက်စစ်မှူး ညီနိုင်က ရရှိခဲ့သည်။ **နေမျိုး၊ ဓာတ်ပုံ-ML**

ကျောက်ပန်းတောင်း၌ ဆေးရုံဝန်ထမ်းများအား မီးဘေးကာကွယ်ရေး လေ့ကျင့်ပေး

ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇

ကျောက်ပန်းတောင်းမြို့နယ် ပွင့်ဆန်းဆေးရုံရှိ ဝန်ထမ်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်မှုကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ပေးရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် မီးသတ်အဖွဲ့ဝင်များက ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာစောင့်များအား သဘာဝဘေး၊ မီးဘေးကြုံတွေ့ပါက ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် အသိပညာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ထမ်းများ၊ လူနာစောင့်များနှင့်အတူ အရေးပေါ် မီးသတ်ဆေးဘူးအသုံးပြု၍ မီးလောင်မှုဖြစ်ပေါ်သတ်ခြင်းကို လက်တွေ့သရုပ်ပြရာ အခမ်းအနားသို့ ပြည်သူ ၅၃ ဦး တက်ရောက်ခဲ့ကြသည်။ **နေအောင်(ပြန်/ဆက်)**





လက်ပံတန်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

လက်ပံတန်း စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အထက(၁)ကျောင်း၌ ယမန်နေ့က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသီဟထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ အထက(၁)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြပြီး မဟော်ဂနီ၊ ပျဉ်းကတိုး ပျိုးပင်ပေါင်း ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေ ခန့် ရှိနိုင်သည်။ **မိုး/ဇလ**

စက်မှုဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ သဟဇာတဖြစ်တည်ရာ ရှန်းကျန့်မြို့ .....

ထက်လှိုင်

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကဆိုလျှင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံးပြည်နယ်၏ အစွန်အဖျားမြို့ငယ်တစ်ခု၊ ဟောင်ကောင်နှင့် မျက်နှာချင်းဆိုင်လျက်ရှိသော 'ပေါင်အန်း' (Bao'an) ဟုခေါ်သည့် ကန်တုန် ငါးဖမ်းရွာငယ်လေးတစ်ရွာ ရှိခဲ့ဖူးပါသည်။



ရှုံ့ညွှန်ထူထပ်ပြီး လမ်းမရှိ၊ လျှပ်စစ်မီးမရှိဘဲဆင်းရဲမွဲတေလှသည့် ထိုရွာငယ်လေးသည် ၁၉၇၉ ခုနှစ်တွင် လူငယ်ခြေတက်များ၊ မိမိတို့ရပ်ရွာဒေသကို တိုးတက်ကြီးပွားလိုသူဒေသခံများ၏ စွမ်းပကားဖြင့် အဆင့်မြင့်တင်ကာ ပေါင်အန်းကို "ရှန်းကျန့်မြို့" အဖြစ် သန္ဓေတည်မွေးဖွားစေခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံအနှံ့အပြားမှ စစ်သားဟောင်းများနှင့် လယ်သမားလုပ်သားနှစ်သိန်းကျော်တို့သည် ရှန်းကျန့်မြို့သို့ ရောက်ရှိလာကာ သွေး၊ ချွေးများစွာဖြင့် လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများကို စတင်တည်ဆောက်ခဲ့ကြပြီး တရုတ်နိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန် (Special Economic Zone – SEZ)ဖော်ဆောင်ခဲ့သည်။

အထည်ချုပ်စက်ရုံ၊ အရုပ်စက်ရုံစသည့် စက်ရုံအလုပ်ရုံများဖြင့် စတင်ခဲ့သည့် ရှန်းကျန့်အထူးစီးပွားရေးဇုန်သည် တရုတ်နိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ကဏ္ဍသစ်တစ်ခုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ယနေ့အချိန်တွင် လူဦးရေသန်း၂၀ ကျော် နေထိုင်သည့် တရုတ်နိုင်ငံ၏ ဆီလီကွန်တောင်ကြားဟု တင်စားခေါ်ဝေါ်နိုင်သည့် (Silicon Valley of China) အဖြစ်သို့ တစ်ဆင့်ချင်း အံ့ဖွယ်ပြောင်းလဲတိုးတက်သွားခဲ့သည်။

စမတ်ဖုန်းတစ်လုံးအတွက် လိုအပ်သောအပိုပစ္စည်း၊ ချစ်ပ်ပြား၊ ဖုန်း Screen များအားလုံးကို နာရီပိုင်းအတွင်း ဝယ်ယူရရှိနိုင်သဖြင့် နည်းပညာတီထွင်သူ လူငယ်များအတွက် ကမ္ဘာ့အကြီးဆုံး အီလက်ထရွန်နစ်ဈေးကွက် ဖြစ်လာခဲ့ကာ ကမ္ဘာ့ထိပ်သီးစီးပွားရေးမြို့ကြီးတစ်မြို့အဖြစ် ခုံထည်စွာ နေရာယူနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် စာရင်းဇယားများအရ ရှန်းကျန့်မြို့၏ ဂျီဒီပီ (GDP) သည် တရုတ်ယွမ် ၃ ဒသမ ၈၇ ထရီလီယံအထိ ရှိခဲ့ပြီး ကမ္ဘာ့အကြီးဆုံး မြို့ကြီး ၁၀ မြို့စာရင်းတွင် ပါဝင်လာကာ စက်မှုကုန်ထုတ်လုပ်မှုနှင့် သွင်းကုန်ထုတ်ကုန်တန်ဖိုးတွင် တရုတ်နိုင်ငံ၏ ပထမနေရာတွင် ရပ်တည်နေသည်။

ဂေဟစနစ်မြို့ပြ (Eco-City) သို့အသွင်ပြောင်းလဲခြင်း

အရှိန်အဟုန်ဖြင့် စက်မှုထွန်းကားလာမှု၏ ရလဒ်အဖြစ် စီးပွားရေးအခွင့်အလမ်းသစ်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သော်လည်း တစ်ဖက်တွင် များပြားလာသည့် မြို့ပြလူနေမှုစနစ်နှင့် စက်ရုံများမှစွန့်ပစ်ပစ္စည်းများ၊ လေထုနှင့် ရေထုညစ်ညမ်းမှုဒဏ်ကို ရှန်းကျန့်မြို့သည် ၂၀၀၀ ပြည့်လွန်နှစ်များက ပြင်းထန်စွာ ခံစားခဲ့ရသည်။

ထိုသို့မြို့ပြပြဿနာများကို ဖြေရှင်းနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့ပြစီမံကိန်းများတွင် မြို့ပြအလှအပနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထည့်သွင်းတွက်ချက်ကာ သစ်ပင်ပန်းမန်များနှင့် ပန်းခြံစီမံကိန်းများ ချမှတ်ဖော်ဆောင်ခဲ့သည်။

၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်း၌ ရှန်းကျန့်မြို့တွင် ပန်းခြံပေါင်း ၁၃၅၀ (သဘာဝတောရိုင်း ပန်းခြံ ၃၉ ခု၊ မြို့ပြပန်းခြံ ၂၀၆ ခုနှင့် လူထုပန်းခြံ ၁၁၀၅ ခု) တည်ဆောက်ထားသဖြင့် လူဦးရေ၏ ၉၁ ရာခိုင်နှုန်းကျော်သည် မိမိတို့နေအိမ်မှ လမ်းလျှောက်ရုံဖြင့် ပန်းခြံများသို့ လွယ်လင့်တကူ ရောက်ရှိနိုင်ကြသည်။

မြို့နေလူထုသည် နည်းပညာများနောက်လိုက်ရင်း မိုဘိုင်းဖုန်းများနှင့်သာ အချိန်ကုန်မနေစေရန် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက်သာမက စိတ်ဓာတ်ခွန်အားရရှိရေးအတွက် ပန်းခြံများအတွင်း စာဖတ်ခြင်းကို ပေါင်းစပ်ထားသော "Park Book Bars" ၁၀၀ ဖော်ဆောင်ထားသည်ကိုလည်း တွေ့ရသည်။

မြို့ပြကို ပုံဖော်ခြင်းနှင့် သစ်တောဗျူဟာ

မြို့၏ နေရာထက်ဝက်နီးပါးကို "အစိမ်းရောင်နှင့် အလှပဆုံးရှန်းကျန့်" (c) ဟူသော ရည်မှန်းချက်ဖြင့် ဂေဟစနစ်ထိန်းသိမ်းရေးနယ်မြေ (Ecological Conservation Redlines) အဖြစ် သတ်မှတ်ထားသည်။ သစ်တောဂေဟစနစ် တိုးတက်ကောင်းမွန်လာစေရန် ရှန်းကျန့်မြို့သည် "Forest Chiefs" စနစ်ကို ကျင့်သုံးပြီး ငါးနှစ်အတွင်း သစ်ပင်တစ်သန်းစိုက်ပျိုးခြင်းစီမံကိန်းကို ဖော်ဆောင်ခဲ့ရာ ယခုအခါ ရှန်းကျန့်မြို့၏ သစ်တောဖုံးလွှမ်းမှုနှုန်းသည် ၃၉ ရာခိုင်နှုန်းအထိ ရောက်ရှိလာသည်။

ထို့ပြင် ရှန်းကျန့်မြို့လယ်ကောင်တွင် ဒီရေတောနှင့် ငှက်မျိုးစုံဘေးမဲ့တောကို စနစ်တကျ ထိန်းသိမ်းဖော်ဆောင်ထားသည်။ မြို့ပြဖွံ့ဖြိုးမှုကြောင့် တိရစ္ဆာန်များ၏နေရပ်များ မပျောက်ကွယ်စေရန် Meilin တောင်နှင့် Yinhu တောင်ကို ဆက်သွယ်ပေးသည့် **"ကောင်းကင်တံတား"** ကို တည်ဆောက်ထားသည်။ တံတား၏ ၁၀ ပုံ ၁ ပုံကိုသာ ခရီးသွားများသွားလာခွင့်ပြုခဲ့ပြီး ကျန်နေရာများကို သစ်ပင်၊ ချုံနွယ်၊ ရေကန်များဖြင့် သဘာဝအတိုင်းထားကာ တိရစ္ဆာန်များ ကျင်လည်ကျက်စား သွားလာနေထိုင်နိုင်ရန် ဖန်တီးထားသည်။

ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပန်းခြံမြို့တော်

ရှန်းကျန့်မြို့၌ ကမ္ဘာ့ပထမဆုံး "နိုင်ငံတကာဒီရေတောဗဟိုဌာန" (International Mangrove Center – IMC)ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံဖြင့် တရားဝင် ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်ဇွန်လတွင် ၂၁ နိုင်ငံအထိ တိုးတက်လာကာ ကမ္ဘာ့ဂေဟစနစ်ထိန်းသိမ်းမှုတွင် အဓိကဗဟိုချက်ဖြစ်လာခဲ့သည်။

ဂေဟစနစ်တန်ဖိုးပြောင်းလဲခြင်း

ရှန်းကျန့်သည် ဂေဟစနစ်၏တန်ဖိုးကို စီးပွားရေးအကျိုးအမြတ်အဖြစ် ပြောင်းလဲနိုင်ရန် Gross Ecosystem Product (GEP) စနစ်ကို တရုတ်နိုင်ငံတွင် ပထမဆုံး ကျင့်သုံးခဲ့သည်။

ထို့ပြင် Super Typhoon ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရန် သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature-based Solutions – NbS) ကို အသုံးပြုကာ ၁၅ ဒသမ ၆ ကီလိုမီတာရှည်လျားသော "အရှေ့ဘက် ဂေဟစနစ်ပင်လယ်တံတိုင်း" (Eastern Ecological Seawall) ကို တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း၂၀၀ တွင် တစ်ကြိမ်ဖြစ်ပွားနိုင်သော ဆိုးရွားသည့် မုန်တိုင်းဒီရေလှိုင်းဒဏ်ကို ခံနိုင်ရည်ရှိအောင် အဆင့်မြှင့်တင်ဆောင်ရွက်ထားသည်ကို လေ့လာသိရှိရသည်။

နည်းပညာဖြင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း

ရှန်းကျန့်မြို့သည် စက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်သာ ထိပ်တန်းရောက်နေသည်မဟုတ်၊ အစိမ်းရောင်နည်းပညာများတွင်လည်း ရှေ့ဆောင်မြို့ပြတစ်ခုဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့ပထမဆုံး **"Supercharging City"** ဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး စက်သုံးဆီအရောင်းဆိုင်များထက် လျှပ်စစ်ကားအားသွင်းနိုင်သည့်နေရာများ (Supercharging Stations)များကို ပိုမိုတည်ဆောက်ပေးထားသည်ကို တွေ့ရသည်။

"ကော်ဖီတစ်ခွက်သောက်ရင်း အားအပြည့်သွင်း" (A cup of coffee, a full charge) ဆိုသည့်အတိုင်း လျှပ်စစ်ကားငယ်များကို ၅ မိနစ်အတွင်း ၇၀ ရာခိုင်နှုန်းအထိ အားသွင်းပေးနိုင်သည့် Liquid-cooling နည်းပညာကို အသုံးပြုကာ မြို့အတွင်း ၄၈၀ ကီလိုဝပ်နှင့်အထက်ရှိသော စူပါအားသွင်းစတေရှင်ပေါင်း ၁၂၇ ခုကို တည်ဆောက်ထားသည်။

ရှန်းကျန့်သည် မြို့ပြစွမ်းအင်သုံးစွဲမှုကို ထိန်းချုပ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျော့ချခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ မြို့တွင်းရှိ အများပြည်သူသုံးဘတ်စ်ကားများနှင့် တက္ကစီများကို လျှပ်စစ်ကားများ (EVs) သို့ ရာနှုန်းပြည့်ပြောင်းလဲအသုံးပြုနိုင်ခြင်းက ကာဗွန်ထုတ်လွှတ်မှုကို သိသာစွာ လျော့ကျစေခဲ့သဖြင့် "Green Transition" ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

ရှန်းကျန့်မြို့သည် အခြားကမ္ဘာ့မြို့ကြီးများကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အင်တိုက်အားတိုက်လုပ်ဆောင်နေသည်။ စွမ်းအင်သက်သာသည့် အဆောက်အအုံများ၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်) သုံးစွဲမှုများကို တိုးမြှင့်ကာ လူနေမှုဘဝ အရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ဟန်ချက်ညီစေရန် ဦးစားပေး ကြိုးပမ်းလျက်ရှိသည်။



နည်းပညာများ၊ အစိမ်းရောင်စွမ်းအင်များ၊ ကျန်းမာရေးနှင့်ညီညွတ်မှုတည့် ပန်းခြံမြို့တော် မြို့ပြစီမံကိန်းစနစ်များနှင့် ရှန်းကျန့်မြို့၏ ဆယ်စုနှစ်တစ်ခုစီအလိုက် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း၊ အခက်အခဲများနှင့် အားမာန်များက မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အားယူနေရသည့် နိုင်ငံများအတွက် စံနမူနာယူဖွယ်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်စီမံကိန်းကဲ့သို့ အထူးစီးပွားရေးဇုန်များဖော်ဆောင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး ကုန်ထုတ်စွမ်းအား မြင့်မားအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့်အတွက် ရှန်းကျန့် အထူးစီးပွားရေးဇုန်ဖော်ဆောင်ကာ စက်မှုလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှုများကလည်း သင်ခန်းစာယူစရာ အတွေ့အကြုံကောင်းများပင် ဖြစ်သည်။

ထိုသို့ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် အောင်မြင်ရေးနည်းလမ်း၊ ဖွံ့ဖြိုးတိုးတက်မှုကျင့်စဉ်၊ မဟာဗျူဟာ၊ နည်းဗျူဟာများအနက် မလိုသည်ကို ပယ်၊ မိမိတို့နိုင်ငံ၊ ရပ်ရွာဒေသနှင့် ကိုက်ညီသည်များကို သင်ခန်းစာယူ လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ရောဂါဘယကင်းဝေးကာ ကုန်ထုတ်စွမ်းအားမြင့်မားပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဝန်းကျင်ကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❑ ရှန်းကျန့်သည် မြို့ပြစွမ်းအင်သုံးစွဲမှုကို ထိန်းချုပ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျော့ချခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ မြို့တွင်းရှိ အများပြည်သူသုံးဘတ်စ်ကားများနှင့် တက္ကစီများကို လျှပ်စစ်ကားများ (EVs) သို့ ရာနှုန်းပြည့်ပြောင်းလဲအသုံးပြုနိုင်ခြင်းက ကာဗွန်ထုတ်လွှတ်မှုကို သိသာစွာ လျော့ကျစေခဲ့သဖြင့် "Green Transition" ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သိရ

တစ်ပတ်တာ ဖတ်စရာ

မြန်မာရေးရာ

စက်တင်ဘာ ၂၀ ရက်

ချမ်းမြေ့ရိပ်သာဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်သမ္မတနှင့်ဇနီး ဂူးမြော်ကြည်ညို

နိုင်ငံတော်သြဝါဒစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂူးမြော်ကြည်ညိုပြီး အစိုးရအဖွဲ့ကိုယ်စား အလှူငွေလှူဒါန်းသည်။ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင် အခမ်းအနားအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၁ ရက်

လယ်ယာကဏ္ဍမှ နိုင်ငံ့ထုတ်ကုန်တိုးတက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး လယ်ယာထွက်ကုန်များကို တန်ဖိုးဖြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ကာ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်တိုးမြှင့်ရေး၊ လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲမှ ဦးစားပေးကဏ္ဍများ၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် နှစ်တို့၊ နှစ်လတ်လုပ်ငန်းစီမံချက်များ ဖော်ထုတ်ကာ လက်တွေ့အကောင်အထည်ဖော်ရေး ဆောင်ရွက်သွားရန် အလေးထားပြောကြားခဲ့သည်။

စက်တင်ဘာ ၂၂ ရက်

ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး စုပေါင်းသွေးလှူဒါန်းပွဲအတွင်း ပစ်ခတ်မှု ဖြစ်ပွား

စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေစဉ် CDF အမည်ခံအဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ပစ်ခတ်သဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

စက်တင်ဘာ ၂၃ ရက်

နိုင်ငံတော်သမ္မတက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံ၍ ကုန်ဈေးနှုန်းကျဆင်းရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ပညာရေးနှင့် စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော်၌ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချရေး၊ စွမ်းအင်လုံခြုံရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် Roadmap နှင့် Action Plan များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက်

ဖလမ်းမြို့ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်

ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၈ ကျောင်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၅ ရက်

PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားသည့် ကျောင်းသားများ ပြန်လည်ကယ်တင်နိုင်ခဲ့

ထားဝယ်မြို့တွင် ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရသည့် Grade-7 ကျောင်းသားခြောက်ဦးအနက် ကျန်ရှိသည့် လေးဦးကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်တွေ့ရှိ၍ မိသားစုဝင်များထံ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်

အောင်ပန်းတပ်မတော်ဆေးရုံ၌ ကျောက်ကပ်အစားထိုးခွဲစိတ်မှု အတွဲ (၁၀၀)ပြည့်မြောက်

အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ အကြိမ် (၄၀)မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအဖြစ် လူနာလေးတွဲကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီး စုစုပေါင်း အတွဲ(၁၀၀)ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာရေးရာ

ပါပူအာနယူးဂီနီ၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်

စက်တင်ဘာ ၂၀ ရက်တွင် ပါပူအာနယူးဂီနီနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်ဗဟိုချက်မှာ မြေအောက်အနက် ၁၁၄ ဒသမ ၂ ကီလိုမီတာတွင် တည်ရှိကြောင်း GFZ ဂျာမန် သုတေသနစင်တာက ပြောကြားသည်။

ကမ္ဘာ့ခေါင်းဆောင်များ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားမည်

ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူပါဒရေးရာ မိန့်ခွန်းပြောကြားမှုများ စတင်မည်ဖြစ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲတို့အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များ မိန့်ခွန်းပြောကြားသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်က သိရသည်။

ဂျပန်၌ တိုင်ဖွန်မုန်တိုင်းဒဏ်ရွှန်းကြောင့် ခြောက်ဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံး

စက်တင်ဘာ ၂၂ ရက်တွင် ဂျပန်နိုင်ငံ ကန့်တို့နှင့် တိုကျိုကျွန်းစုဒေသများ၌ တိုင်ဖွန်မုန်တိုင်းဒဏ်ရွှန်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

OpenAI ၏ AI အေးဂျင့်က Medicare ဝက်ဘ်ဆိုက်သို့ ခွင့်ပြုချက်မရှိ ဝင်ရောက်

စက်တင်ဘာ ၂၃ရက်က OpenAI ၏ AI အေးဂျင့်သည် ဩစတြေးလျအစိုးရ Medicare ဝက်ဘ်ဆိုက်သို့ ခွင့်ပြုချက်မရှိ ဝင်ရောက်ခဲ့ပြီး အစိုးရက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

၁၀ ရက်အတွင်း ဘက်အယ်လ်-မန်ဒက်ရေလက်ကြားကို ရေယာဉ် ၄၀၈ စင်းဖြတ်သန်း

ဆင်ဟွာ၏ စက်တင်ဘာ ၂၄ ရက်သတင်းအရ စက်တင်ဘာ ၁၁ ရက်မှ ၂၁ ရက်အတွင်း တိုက်ပွဲများ ဖြစ်ပွားနေသော်လည်း ဘက်အယ်လ်-မန်ဒက်ရေလက်ကြားကို ကုန်သွယ်ရေးရေယာဉ် ၄၀၈ စင်း ဖြတ်သန်းခဲ့ကြောင်း သိရသည်။

အေသင်မြို့လယ် ပေါက်ကွဲမှုဖြစ်ပွား၍ သုံးဦးဒဏ်ရာရ

ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ နှစ်ထပ်အဆောက်အအုံတစ်လုံး စက်တင်ဘာ ၂၅ ရက်က ပေါက်ကွဲမှုဖြစ်ပွား၍ အဆောက်အအုံအချို့ ပြိုကျကာ သုံးဦးဒဏ်ရာရရှိခဲ့ပြီး ပေါက်ကွဲမှုသည် သဘာဝဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ဖြစ်နိုင်ကြောင်း သိရသည်။

ကမ္ဘောဒီးယား၌ Siamese မိကျောင်းထိန်းသိမ်းရေးဇရိယာ တည်ထောင်

ကမ္ဘောဒီးယားနိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် ဆိုင်မီးစိမ်းကျောင်းများ ကာကွယ်ထိန်းသိမ်းရေးအတွက် မိကျောင်း မျိုးရိုးဗီဇထိန်းသိမ်းရေးဇရိယာကို ပထမဆုံးအကြိမ် တရားဝင် တည်ထောင်လိုက်ကြောင်း စက်တင်ဘာ ၂၆ ရက်က သိရသည်။

○ ○ ○

မအူပင်မြို့၌ စားအုန်းဆီများ ရောင်းချနေမှု ရှောင်တခင်ကွင်းဆင်းစစ်ဆေး



မအူပင် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ပေါ်ရှိ စားအုန်းဆီ လက်လီလက်ကား ရောင်းချသည့်ဆိုင်များမှ ဒေသခံပြည်သူများ လက်ဝယ်အရောက် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချစေရေး၊ ဆီစာအုပ်ဖြင့်သာ ရောင်းချစေရေး စက်တင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးကိုကို၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ရှောင်တခင် ကွင်းဆင်းစစ်ဆေးသည်။ အောင်မြင့်မြတ်(ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်



ထန်းတပင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၃/၂၀၂၆) ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က လမ္မတ္တာခရိုင် (၃)မိုင် မြို့သစ်ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အရာရှိများ၊ အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်းနေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမြင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ခရိုင်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက်အတွေးတစ်စ (အပိုင်း-၃၇)

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စာကြည့်တိုက်များ (အပိုင်း-၂)

ကွင်းစလန်နှင့် ဆစ်ဒနီတက္ကသိုလ်များစာကြည့်တိုက်၊ ဩစတြေးလျနိုင်ငံ

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)


ဆစ်ဒနီတက္ကသိုလ် ဖစ်ရှာစာကြည့်တိုက် (Fisher Library)။

ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာဆီယံနိုင်ငံအချို့ စသည့် ကမ္ဘာ့နိုင်ငံများ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေး ပညာအဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ကမ္ဘာ့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ စာကြည့်တိုက်များအကြောင်း ဆက်လက်ဆွေးနွေးလိုပါသည်။

စာရေးသူ စာကြည့်တိုက်များကို လေ့လာရာတွင် ထူးထူးခြားခြား ပြောင်းလဲသွားမှုမှာ ၁၉၈၆ ခုနှစ် ကိုလံဘိုစီမံကိန်းပညာသင်ဆု (Colombo Plan Scholarships)ရပြီး ဩစတြေးလျနိုင်ငံသို့ မဟာစိုက်ပျိုးရေးပညာတွဲ့ ယူသွားရန် ပြင်ဆင်ချိန်ကတည်းက စခဲ့ပါသည်။

ပညာသင်ဆု အရွေးချယ်ခံရသဖြင့် ထိုအချိန်က ပညာရေးဝန်ကြီးဌာနအောက်ဖြစ်၍ အင်္ဂလိပ်စာကို များ ဖြစ်နေသည့်အတွက် အလွန်အကျိုးရှိပါသည်။ တကယ့်ရာသက်ပန်သင်ယူမှု (Real Life-long Learning)ပါပဲ။)

ထိုစဉ်က နိုင်ငံခြားဘာသာသိပ္ပံရှိ စာကြည့်တိုက်မှာ အင်္ဂလိပ်ဘာသာ မူရင်းစာအုပ်များ (Original Text and Reference Books from Cambridge University Press, Oxford University Press) ငှားရမ်း၍ ရပါပြီ။ တက္ကသိုလ်များကွန်ပျူတာဌာနတွင် ပထမဆုံးစတင် အသုံးပြုရသော သေတ္တာပုံကွန်ပျူတာကြီးများမှစ၍ မမြင်ဖူး၊ မကြားဖူးတာတွေ သင်ယူရေး စခဲ့ရပါသည်။

စာရေးသူတို့နှင့်အတူ ပါလာသော ဆရာဦးအောင်သန်းက "ထိုကြောင့် ဤအရာကို ကွန်ပျူတာဟုခေါ်သည်" ဆိုပြီး တင်စားခဲ့ပါသည်။ ပြီးလျှင် ဩစတြေးလျသံရုံးတွင် အင်္ဂလိပ်ဘာသာစကား စွမ်းရည် စာမေးပွဲဖြေခဲ့ရပြီး အင်္ဂလိပ်စာ လိုအပ်ချက်ရှိ၍ ဆစ်ဒနီမြို့ အင်္ဂလိပ်စာသင်ကြားရေးဌာန (English Preparation Centre – EPC) တွင် အခြားနိုင်ငံမှ သူငယ်ချင်းများ၊ မြန်မာပြည်မှ ဆရာ ဆရာမများနှင့်အတူ ကွင်းစလန်တက္ကသိုလ် (The University of Queensland) မသွားခင် အင်္ဂလိပ်စာသင်တန်းတက်ရောက်ခဲ့ရပါသည်။

> **ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ အင်္ဂလိပ်စာ သင်ကြားရေးဌာနတွင် စာရေးသူတို့ ပုံမှန်သင်ကြားနေရသည့် သဒ္ဒါ၊ အသံထွက်၊ ဝေါဟာရများကို သင်ကြားခြင်းမဟုတ်ပါ။ တက္ကသိုလ်တက်ရောက်မည့် ကျောင်းသားများအတွက် လိုအပ်မည့် အင်္ဂလိပ်စာများ (English for Academic Purposes)ကို သင်ကြားပေးခြင်းဖြစ်**

နိုင်ငံခြားဘာသာဌာန (IFL – Institute of Foreign Languages) ယခု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL– Yangon University of Foreign Languages)တွင် သုံးလ၊ တက္ကသိုလ်များကွန်ပျူတာဌာန (University Computer Center – UCC – ယခု ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ)တွင် တစ်လ သင်တန်းများကို အခြားတက္ကသိုလ်များမှ ပညာသင်များနှင့်အတူ သင်တန်းတက်ခဲ့ရပါသည်။

အသက် ၆၈ နှစ် ရောက်သည်အထိ သင်တန်းတက်နေရဆဲ

သင်တန်းအမျိုးမျိုးကိုလည်း အထက်တန်းကျောင်းသားဘဝကတည်းက တက်ခဲ့ရသည်မှာ ယခုအသက် ၆၈ နှစ် ရောက်သည်အထိ သင်တန်းတက်နေရဆဲပါ။

(ယခု စာရေးသူတက်နေသည့် အများပြည်သူ ရှေ့ဟောပြောနည်းပညာ၊ စောင့်ကြည့်၊ မှတ်သား၊ စစ်ဆေးခြင်းနှင့် တန်ဖိုးဖြတ်၊ ဆန်းစစ်ခြင်း၊ ကွန်ပျူတာ အခြေခံအသုံးပြုနည်းသင်တန်းနှင့် သတင်းအချက်အလက်နည်းပညာ သင်တန်းဆရာ ဆရာမများမှာ စာရေးသူ၏ ညီ၊ ညီမ၊ သား၊ သမီး အရွယ်များ ဖြစ်သော်လည်း စာရေးသူ မသိသည့် ခေတ်မီပညာ

စာရေးသူတို့က နယ်မှဖြစ်၍ အင်္ဂလိပ်စာ ညံ့ပါသည်။ ဆင်ပေါင်ဝဲတွင် အင်္ဂလိပ်စာကျူရှင်ကိုကိုးတန်း ရောက်မှ ဆရာဦးဇော်ဝင်းနှင့် သင်ဖူးပါသည်။ မကွေးမြို့ နံမည်ကြီး ဆရာကြီး ဦးဆုမြိုင်ကျောင်း တက်ဖို့ ၁၀ တန်းတွင် ပြောင်းလာရာ ဘာကြောင့် မှန်းမသိ တက်ခွင့်မရခဲ့ပါ။ ထို့ကြောင့် ဖွင့်ခါစ ဦးနန်းလှိုင်၏ စတားကျူရှင်တက်ခဲ့ရပါသည်။ သို့ဖြင့် ဆယ်တန်းအောင်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ရောက်လာပါတော့သည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ အင်္ဂလိပ်စာ သင်ကြားရေးဌာနတွင် စာရေးသူတို့ ပုံမှန်သင်ကြားနေရသည့် သဒ္ဒါ၊ အသံထွက်၊ ဝေါဟာရများကို သင်ကြားခြင်းမဟုတ်ပါ။ တက္ကသိုလ် တက်ရောက်မည့် ကျောင်းသားများအတွက် လိုအပ်မည့် အင်္ဂလိပ်စာများ (English for Academic Purposes) ကို သင်ကြားပေးခြင်းဖြစ်ပါသည်။

ဥပမာ – စာကြည့်တိုက်အသုံးချပုံ (Use of University Library)၊ သင်ခန်းစာလုပ်ငန်းများနှင့် သိပ္ပံနည်းကျရေးပုံရေးနည်း (Assignment and Scientific Writing Skills)၊ မြို့ထဲသို့ သွားရာတွင် တွေ့ကြုံရမည့် အခက်အခဲများ (Out and About)၊ ဈေးဝယ်ပုံ ဈေးဝယ်နည်း၊ ဘဏ်တွင်ငွေသွင်း၊ ငွေထုတ်နည်း၊ ထိုစဉ်က (Automated Teller Machines-ATM)ကတ်ကို မြင်တောင်မမြင်ဖူးပါ။ အင်္ဂလိပ်စကား ပြော ရုပ်ရှင်ကြည့်ရှု၍ အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာနည်း(Using Movies for English Language Skill)၊ နားထောင်နိုင်မှု စွမ်းရည်လေ့လာခြင်း (Listening Skill) စသည်တို့ဖြစ်ပါသည်။ ဆစ်ဒနီ တက္ကသိုလ်စာကြည့်တိုက် (Sydney University Library)သို့သွား၍ စာကြည့်တိုက်အသုံးပြုနည်းများကို လေ့လာခဲ့ရပါသည်။

ပင်မစာကြည့်တိုက် မကြာခဏသွားရောက်ခဲ့

ထိုမှ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် စာရေးသူ တကယ်မဟာစိုက်ပျိုးရေးပညာ သင်ယူရမည့် ကွင်းစလန်တက္ကသိုလ် (The University of Queensland, Brisbane – UQ) သို့ ရောက်ရှိသောအခါမှ ကြိုတင်ပြင်ဆင်နေသည့် ရက်သတ္တပတ်များ (Orientation Weeks) တွင် စာကြည့်တိုက်လေ့လာရေး(Library Tour)ကို အချိန်ပေးပြီး လေ့လာသင်ယူခဲ့ရပါသည်။ ကွင်းစလန်တက္ကသိုလ်တွင် စာကြည့်တိုက် အဆောက်အအုံပေါင်း (Seven Library Branches) ခုနှစ်ခုလောက်ရှိပြီး စိုက်ပျိုးရေးနှင့် ဆိုင်သော ဇီဝသိပ္ပံစာကြည့်တိုက် (Biological Science Library)၊ ဘွဲ့ကြိုစာကြည့်တိုက် (Undergraduate Library)၊ ပင်မစာကြည့်တိုက် (Main Library)တို့ကိုသာ မကြာခဏ သွားရောက်ခဲ့ရပါသည်။

ထိုစဉ်က ပထမဆုံးအတွေ့အကြုံမှာ မိတ္တူကူးခြင်းပါ။ မိတ္တူကူးစက်ပေါ်နေပြီဖြစ်သော်လည်း စာရေးသူတို့အဖို့ ပထမဆုံးအတွေ့အကြုံပါ။ ကွန်ပျူတာပရင်တာမှာ (Dot Printer) ဖြစ်ပြီး လေဆာပရင်တာ၊ အင်တာနက်၊ လက်ပ်တော့၊ ကွန်ပျူတာ အမိန့်ပေးခလုတ်(မောက်စ်)၊ မိုက်ဝိုင်းလက်ကိုင်ဖုန်းတို့ မပေါ်သေးပါ။ သို့သော် လေ့လာရမည့်ပြဋ္ဌာန်းစာအုပ်၊ ရည်ညွှန်းစာအုပ်၊ စိုက်ပျိုးရေးဆိုင်ရာဂျာနယ်များမှာမူ စုံလင်လှပါသည်။

စာကြည့်တိုက်က ကျောင်းဖွင့်ရက်တွင် နေ့တိုင်း (တစ်ပတ် ၇ ရက်) နံနက် ၈ နာရီမှ ည ၁၀ နာရီ၊ စနေ၊ တနင်္ဂနွေ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးပါသည်။ (ဂျာမနီနိုင်ငံ စာကြည့်တိုက်များမှာ တနင်္ဂနွေ ပိတ်ပါသည်။) စာရေးသူမှာ မိသားစုနှင့်ဝေး၊ တစ်ဦးတည်း ကျောင်းသားဘဝပြန်ရောက်သည်နှင့် အချိန်အားသရွေ့ စာကြည့်တိုက်သို့ ရောက်ဖြစ်ပါသည်။)

ကျောင်းဖွင့်ရက် ပထမဆုံးစာသင်ချိန်ဖြစ်သည့် အပင်ပတ်ဝန်းကျင်ဆိုင်ရာ ဇီဝကမ္မဗေဒ (Plant Ecophysiology)တွင် ဆရာမကြီး ဒေါ်ဝင်းကြည်နှင့် အတူ ဩစတြေးလျ ဘွဲ့ကြို ဒုတိယနှစ်အတန်းကို တက်ရောက်ရာ ကျောင်းစာ သင်ခန်းစာ စာရွက်များ ဝေငှရာတွင် တွဲဖက်ဖတ်ရှုရန် ရည်ညွှန်းစာအုပ်များ စာရင်းပါလာပါသည်။

စာရေးသူမှာ အလေ့အကျင့်မရှိ၊ နားမလည်သဖြင့် ၂ ရက်-၃ ရက်နေမှ စာကြည့်တိုက်သို့ သွားရောက်ငှားရမ်းရာ တချို့စာအုပ်မှာ စာရေးသူထက်အရင် ကျောင်းသားများက ငှားရမ်းထားသဖြင့် ၂ပတ်-၃ ပတ် နောက်ကျပြီးမှ ငှားရမ်းခွင့်ရပါတော့သည်။ တချို့ရှားပါးစာအုပ် (Rare Books; Reference Books) များမှာ ကျောင်းသားတစ်ဦးလျှင် ၃ ရက်-၅ ရက်ခန့်သာ ငှားပေးပါသည်။ ထိုခေတ်က အင်တာနက် မရသေးသဖြင့် စာတမ်းအကျဉ်း (Abstracts-Agriculture Abstracts, Horticulture Abstracts, Soil Science Abstracts, etc.) စာအုပ်များတွင် လိုအပ်သော စာတမ်းအကျဉ်း (Abstract/Summary of the Paper)ကို ရှာဖွေပြီးမှ ဂျာနယ်စာအုပ်စင်များတွင် လိုအပ်သော စာတန်းများကိုရှာ၍ မိတ္တူကူးခဲ့ရပါသည်။ ယခုခေတ်လို အွန်လိုင်းဂျာနယ်၊ ပီဒီအက်ဖိုင် (pdf files)၊ လေဆာပရင်တာများ မပေါများသေးပါ။

စာရေးသူ မဟာစိုက်ပျိုးရေးသိပ္ပံဘွဲ့ရပြီး တက္ကသိုလ်ပြန်ရောက်ကတည်းက ဩစတြေးလျတွင် သင်ယူခဲ့ရသည့် အင်္ဂလိပ်စာဘာသာရပ်အချို့ကို ဆရာ ဆရာမ အငယ်များကို သင်ကြားပေးခဲ့ပါသည်။ ထိုစဉ်က ဖယောင်းတွင် လက်နှိပ်စက်နှင့်ရိုက်၊ စာကူးစက်လှည့် (သို့) စာရွက်အပါးများကို ကာဗွန်စာရွက်ခံ၍ ၃ ရွက်-၄ ရွက် အကြိမ်ကြိမ်ရိုက်ခဲ့ရပါသည်။ ကျည်ဆောင်ရွက်ပေးခဲ့သည့် လယ်ယာသီးနှံဌာနမှ အလွန်ကျွမ်းကျင်သော လက်နှိပ်စက်စာရေးမကြီး ဒေါ်အေးသိန်းကို သတိရမိပါသည်။ ထို့ကြောင့် ထင်သည် စာရေးသူ၏ ပညာရေးက ဆုံးခန်းမတိုင်ဘဲ အသက်ကြီးမှ ပါရဂူဘွဲ့သင်ကြားရန် နိုင်ငံခြားသို့ ထပ်မံသွားရပါတော့သည်။ (Digital Library နှင့် ဂျာမနီ နိုင်ငံတက္ကသိုလ်စာကြည့်တိုက်များ (အပိုင်း-၃) သီးသန့်ရေးပါမည်)။

သင်ယူသူအားလုံးအတွက် ဒီဇိုင်း(UDL– Universal Design for Learning) သီအိုရီအရတက္ကသိုလ် စာကြည့်တိုက်များကို ပိုမိုအသုံးပြုလာစေရန် အားပေးရပါမည်။

ဤဒီဇိုင်းသီအိုရီ ဆိုသည်မှာ သင်ယူသူအားလုံး အတွက် သင်ယူရာတွင် ဖြစ်ပေါ်နိုင်သော အတားအဆီးများကို လျှော့ချပေးပြီး သင်ယူမှုတွင် ပါဝင်နိုင်ရန် နည်းလမ်းအမျိုးမျိုး၊ သတင်းအချက်အလက်/ဗဟုသုတကို ရယူနိုင်ရန် နည်းလမ်းအမျိုးမျိုး၊ သင်ယူထားသည်များကို ဖော်ပြနိုင်ရန် နည်းလမ်းအမျိုးမျိုး စသည့်ပေးအပ်သည့် သင်ကြားရေး မူဘောင်တစ်ခု ဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီးတစ်ပိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပြိုကျမှု ဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် ၁၁ / ၅ နှင့် ၁၁/ ၆ ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့် နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ဧလုိင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသံတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါဝင်ရှိမြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ငါးပေ ကိုးလက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ခုနစ်ပေ ကိုးလက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ရှစ်ပေ ခုနစ်လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း လေးပေ လေးလက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ငါးပေ ရှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ။ ဒုတိယအကြိမ် အကောင်းဆုံးပ။

❍ *ကျောထုံးမှ*

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမရှိသရေကျနေခဲ့ပြီး မြန်မာအသင်းအနေဖြင့် ပွဲချိန် လေးမိနစ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း လူကျွံဘော ဖြစ်နေသဖြင့် VAR ဖြင့်စစ်ဆေးကာ ဂိုးအဖြစ် သတ်မှတ်ခြင်းမခံခဲ့ရပေ။ ပထမပိုင်း ပွဲချိန်တစ်လျှောက် အပြန်အလှန်ထိုးဖောက်ကစားခဲ့ကြကာ ကမ္ဘောဒီးယားအသင်း ကစားပုံပိုမိုကောင်းမွန်ခဲ့သလို မြန်မာအသင်း ကလည်း တန်ပြန်တိုက်စစ်များမှတစ်ဆင့် ဂိုးရရှိရန်နီးစပ်သည့် အခွင့်အရေးများကို ဖန်တီးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွပြီးခါနီး နာကျင်အချိန်ပို ၉၀+၄ မိနစ်တွင် ကမ္ဘောဒီးယားအသင်း အတွက် အဖိုးတန်အနိုင်ဂိုးကို ကာကာဒါဆင်က သွင်းယူပေးခဲ့သဖြင့် ပွပြီးဆုံးချိန်တွင် ကမ္ဘောဒီးယားအသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

ကမ္ဘောဒီးယားအသင်းအနေဖြင့် စက်တင်ဘာ ၃၀ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင် သို့မဟုတ် သရေရရှိပါက ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-AFP**

❖ *ကျောထုံးမှ*

အင်္ဂလန်အသင်းသည် ပွဲချိန် နှစ်မိနစ်တွင် ခွင့်ပြုပေးခဲ့ရသော ယာမဲလ်၏ သွင်းဂိုးကြောင့် အခက်တွေ့ခဲ့သော်လည်း ဂေါ်ဒွန်၊ ကိန်းတို့၏သွင်းဂိုးများကြောင့် ပထမပိုင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၅၄ မိနစ်တွင် အင်္ဂလန်အသင်း ပယ်နယ်တီကန်သွင်း ခွင့်ရရှိခဲ့သော်လည်း အသင်းခေါင်းဆောင် ဟယ်ရီကိန်း၏ သွင်းယူမှု လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

အဲလက်စ်ဘဲ့နာနှင့် အိုရာဇာဘယ်တို့ ဝင်ရောက်လာပြီးနောက် စပိန်အသင်း၏ ကစားအားတက်လာပြီး ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။ အင်္ဂလန်အသင်းသည် လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အခြားပွစဉ်ရလဒ်တွင် ခရိုအေးရှားက ချက်ဇ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါပွစဉ်တွင် ခရိုအေးရှားအသင်းသည် ပွဲချိန်တစ်လျှောက် ခြေစွမ်းအားဖြင့် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် နိုင်ပွဲရရေး ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ **အောင်ဇော်**

စာမျက်နှာ ၁၂ မှ

UDL ၏ အဓိကမူကြိုး သုံးရပ်ကို တက္ကသိုလ် စာကြည့်တိုက်နှင့် အောက်ပါအတိုင်း ဆက်စပ်စဉ်းစားနိုင်ပါသည်။

UDL မူကြိုး	အဓိကမေးခွန်း	စာကြည့်တိုက်တွင် အသုံးချနိုင်ပုံ
Engagement – ပါဝင်စိတ်ဝင်စားမှု	WHY? ဘာကြောင့်လဲ	ကျောင်းသားများ စာကြည့်တိုက်ကို ဘာကြောင့် အသုံးပြုသင့်သလဲ၊ မည်သို့ စိတ်ဝင်စားလာအောင် လုပ်မလဲဆိုတာ ပြင်ဆင်ရပါမည်။
Representation– သတင်းအချက်အလက် တင်ပြခြင်း	WHAT? ဘာတွေလဲ	မည်သည့် စာအုပ်၊ ဒီဂျစ်တယ်အရင်းအမြစ်၊ သုတေသနအချက်အလက်များ ပေးသင့်သလဲ စဉ်းစားရန်။
Action & Expression – လက်တွေ့အသုံးချခြင်း နှင့် ဖော်ပြခြင်း	HOW? ဘယ်လိုလုပ်မလဲ	ကျောင်းသားများသည် သတင်းအချက်အလက်ကို မည်သို့ ရှာဖွေ၊ အကဲဖြတ်၊ အသုံးချ၊ ဖန်တီးမည်နည်း။

ထို့ကြောင့် ဘာကြောင့်၊ ဘာကို၊ ဘယ်လို ဆိုတာကို UDL အခြေခံတက္ကသိုလ် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော မူဘောင်တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို ဘာကြောင့် အသုံးပြုသင့်သလဲ

ဤမေးခွန်းသည် စိတ်အားထက်သန်မှုနှင့် ပါဝင်မှုတို့နှင့် သက်ဆိုင်ပါသည်။ ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်တွင် စာအုပ်များနှင့် ကွန်ပျူတာများ ရှိသောကြောင့်သာ စာကြည့်တိုက်ကို အသုံးပြုမည်မဟုတ်ပါ။ စာကြည့်တိုက်သည် မိမိတို့၏ သင်ယူမှု၊ သုတေသနနှင့် အနာဂတ် အလုပ်အကိုင်အတွက် မည်မျှအရေးကြီးသည်ကို ကောင်းစွာနားလည်ရန် လိုအပ်ပါသည်။

ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အသုံးပြုရခြင်း အကြောင်းများ

(က) သင်ခန်းစာများကို အထောက်အကူပြုရန် - ဥပမာ သင်ရိုးစာအုပ်များ၊ ကိုးကားစာအုပ်၊ စာတန်းများ၊ သင်ခန်းစာဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရပ်ဂျာနယ်များ ဖတ်ရှုနိုင်ခြင်း။

(ခ) သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်- သုတေသနစာတမ်းများ၊ အီလက်ထရောနစ် စာအုပ်များ၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျမ်းများ၊ သုတေသန သတင်းအချက်အလက်များ ရှာဖွေနိုင်ခြင်း။

(ဂ) သတင်းအချက်အလက်ဆိုင်ရာ တတ်ကျွမ်းမှု ဖွံ့ဖြိုးရန် - ယုံကြည်စိတ်ချရသော အချက်အလက်များ ရှာဖွေခြင်း။ အရင်းအမြစ်များကို အကဲဖြတ်ခြင်း၊ သတင်းမှားများကို ခွဲခြားခြင်း။ ကိုးကားမှု မှန်ကန်စွာ ပြုလုပ်ခြင်း၊

(ဃ) ထိရောက်စွာ လေ့လာသင်ယူရန် - တိတ်ဆိတ်သော စာဖတ်ခန်း၊ အဖွဲ့လိုက်လေ့လာနိုင်သော နေရာ၊ ဒီဂျစ်တယ်နည်းဖြင့် ရှာဖွေဖတ်ရှုရန်နေရာ၊ အခန်း (Digital Learning Space)၊ ကွန်ပျူတာနှင့် အင်တာနက် အသုံးပြုခွင့်ပေးထားခြင်း၊

(င) တစ်သက်တာသင်ယူမှု ဖွံ့ဖြိုးရန် - နည်းပညာရရှိမှု၊ နည်းပညာအသစ်များ၊ အလုပ်အကိုင်အခွင့်အလမ်း၊ စဉ်ဆက်မပြတ်ပညာရေးစနစ် တိထွင်ဖန်တီးပေးထားခြင်း၊

(စ) ပညာရပ်ဆိုင်ရာ အစုအဖွဲ့တည်ဆောက်ရန် - ဥပမာ - ဆွေးနွေးပွဲ၊ နီးနောဖလှယ်ပွဲများ၊ စာအုပ်အသင်း/ကလပ်များ၊ သုတေသနစာတန်း ဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။

စာရေးသူ၏အတွေးတစ်စ

၂၀၂၅-၂၀၂၆ ခုနှစ်များ၌ စာရေးသူ သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ခေတ္တပြန်ရောက်သွားစဉ် မိတ်ဆွေပါမောက္ခတစ်ဦး၏ အကူအညီဖြင့် ဆစ်ဒနီတက္ကသိုလ်၊ စာကြည့်တိုက်များကို လေ့လာခွင့်ရရှိခဲ့ပါသည်။ ဒီဂျစ်တယ်ခေတ်၊ သတင်းအချက်အလက်ခေတ်၊ အင်တာနက်ခေတ်တွင် နည်းပညာက အလွန်ပြောင်းလဲနေသဖြင့် စာကြည့်တိုက်သို့ ကျောင်းသား ကျောင်းသူများကိုယ်တိုင် မလာတော့ဘူး ထင်ထားရာ လုံးဝလွဲပါသည်။ ဆစ်ဒနီတက္ကသိုလ် စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများဖြင့် ပြည့်ကျပ်နေပါသည်။

စာရေးသူတို့အဖွဲ့သည် နေပြည်တော်ရှိအမျိုးသား စာကြည့်တိုက်အပါအဝင် တက္ကသိုလ်၊ သုတေသန ဌာနများရှိ စာကြည့်တိုက်များကို လေ့လာကြည့်ရာ စာအုပ်ကောင်းများ များစွာရှိနေသော်လည်း စာဖတ်သူ နည်းနေသေးသည်ကို သတိထားမိပါသည်။ ထို့အတွက်-

(၁) စာကြည့်တိုက်ကို များစွာ အသုံးပြုနိုင်အောင် ဆိတ်ငြိမ်၊ အေးချမ်းသော၊ အိုက်၍ ချွေးပြန်မနေသော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်း၊

(၂) ပင်ပန်းမှုမှ ပြန်လည်လန်းဆန်းမှု ရရှိစေရန် ကော်ဖီနှင့် အဆာပြေမုန့်ဆိုင် အသေးလေး ဖွင့်လှစ်ပေးခြင်း၊

(၃) စာဖတ်သူကိုယ်တိုင် အခြားဒေသ၊ နယ်မြေများသို့ သွားရောက်ရန်မလိုဘဲ စာကြည့်တိုက်အချင်းချင်း ငှားရမ်းဖတ်ရှုကြည့်ရှုနိုင်သော အခွင့်အရေးစနစ် ဖန်တီးပေးခြင်း၊

(၄) ကျောင်းသား ကျောင်းသူများအား ဖတ်ရှုလိုက်သော စာအုပ်များမှ အနာဂတ်အတွက် ပုံဖော်ခြင်း ပြိုင်ပွဲပေးများ (Book Reading Contest) ဖြင့် ဆုပေးခြင်းစနစ်များ ဖန်တီးပေးပါက စာဖတ်သူများပြားလာပြီး အတွေးအခေါ်များ တိုးတက်၊ ပြောင်းလဲလာနိုင်မလားဟု တွေးမိနေပါသည်။ ။

ဟော်မုဇ်ရေလက်ကြားအခြေအနေကြောင့် လူပေါင်း ၄၅ သန်း စားနပ်ရိက္ခာမဖူလုံမှု ကြုံတွေ့နိုင်

နယူးယောက် စက်တင်ဘာ ၂၇

ကုလသမဂ္ဂအကြီးတန်းအရာရှိတစ်ဦးက ဟော်မုဇ်ရေလက်ကြားအတွင်း ဖြစ်ပေါ်နေသောအခြေအနေများကြောင့် ကမ္ဘာတစ်ဝန်း၌ ဓာတ်မြေဩဇာပြတ်တောက်မှုဆီသို့ ဦးတည်နေပြီး လူပေါင်း ၄၅ သန်းမှာ အလွန်ဆိုးရွားသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့နိုင်ကြောင်း ပြောသည်။

ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အလုပ်အမှုဆောင်ဒါရိုက်တာ ကျေးမိုရီယာဒါ ဆေးလိမ်ား (ယာပုံ) က တစ်ရက်လျှင် အရေးပါသော ရေလမ်းကြောင်းမှတစ်ဆင့် ဓာတ်မြေဩဇာတင်ဆောင်သည့် သင်္ဘော ငါးစင်းမှ ခုနစ်စင်းခန့်အထိ ဖြတ်သန်းခွင့်ပြုရုံမျှဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ရှောင်လွှဲနိုင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၂၅ ရက်က ပြောကြားသည်။

ကမ္ဘာ့မြေဩဇာကုန်သွယ်မှု၏ သုံးပုံတစ်ပုံသည် ယင်းရေလက်ကြား ကို ဖြတ်သန်းသွားလာကြောင်း ကုလသမဂ္ဂက ပြောသည်။ ပဋိပက္ခ ဖြစ်ပွားမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သယ်ယူ ပို့ဆောင်ရေးကို ရပ်တန့်စေသည့် အကြောင်းရင်းတစ်ခု မဖြစ်သင့် ကြောင်း ဆေးလိမ်ားက ပြောသည်။

အင်နံအိတ်ချ်ကေ



ဗြိတိန်၌ ဖောက်ခွဲမှုသံသယဖြင့် အမျိုးသားအချို့ကို ဖမ်းဆီး၊ နေအိမ်များရှေ့ ပြောင်း

လန်ဒန် စက်တင်ဘာ ၂၇

ဗြိတိန်နိုင်ငံ အင်္ဂလန်အနောက်ပိုင်း ဝဲလ်ဖို့ဒ်ဒေသ၌ ဖောက်ခွဲရေး ဆိုင်ရာ ဥပဒေချိုးဖောက်မှု သံသယဖြင့် အမျိုးသားအချို့ကို ဖမ်းဆီးခဲ့ပြီးနောက် အနီးရှိနေအိမ် အချို့မှ ဒေသခံများကို စက်တင်ဘာ ၂၇ ရက်တွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။



ဝဲလ်ဖို့ဒ်ဒေသသည် အမေရိကန် တပ်ဖွဲ့များ အသုံးပြုနေသည့် RAF Fairford လေတပ်စခန်းအနီးတွင် တည်ရှိသည်။ ဒေသခံများကို အနီးရှိ အပန်းဖြေစင်တာသို့ ပို့ဆောင်ရွှေ့ပြောင်းထားပြီး ဖြစ်စဉ်ကို ထိန်းချုပ်ထားနိုင်ပြီဟု ရဲတပ်ဖွဲ့က ပြောသည်။

ဖမ်းဆီး ခံထားရသူများသည် ဖောက်ခွဲရေးဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများကျူးလွန်သည်ဟု သံသယရှိသူများဖြစ်ကြောင်း ရဲ တပ်ဖွဲ့က ပြောသည်။ ထို့ပြင် ဗြိတိန် တပ်ဖွဲ့၏ ဖောက်ခွဲရေးပစ္စည်းရှင်း လင်းရေးအဖွဲ့က မော်တော်ယာဉ် အချို့ကို စစ်ဆေးလျက်ရှိသည်။

အဆိုပါဖြစ်စဉ်သည် အနီးရှိ RAF Fairford လေတပ်စခန်းနှင့် တိုက်ရိုက်ဆက်စပ်မှုရှိ၊ မရှိကို ရဲတပ်ဖွဲ့က အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

ဘန်ကောက်မြို့၌ အိမ်ထောင်စု ငါးသောင်းကျော် ရေဘေးသင့်၍ ယာယီစခန်း ၂၃၀ ကျော် ပြင်ဆင်ထား

ဘန်ကောက် စက်တင်ဘာ ၂၇

ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဒေသခံ ၄၂၀၀ ခန့် ယာယီခိုလှုံရေးစခန်းများတွင် ပြောင်းရွှေ့နေကြရကြောင်းနှင့် အိမ်ထောင်စုပေါင်း ၅၂၀၀၀ ခန့် ရေဘေးသင့်လျက် ရှိပြီး ဘန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ဘေးလွတ်ရာယာယီ စခန်း ၂၃၀ ကျော် ပြင်ဆင်ထား ရှိကြောင်း သိရသည်။

လေဖိအားနည်း ရပ်ဝန်းနှင့် အားကောင်းသော မုတ်သုံရာသီ ဥတုအခြေအနေကြောင့် ထိုင်း နိုင်ငံနေရာအနှံ့အပြားတွင် မိုးသည်း ထန်စွာ ရွာသွန်းလျက်ရှိသည်။ စက်တင်ဘာ ၂၄ ရက်မှစတင်ကာ ၄၈ နာရီအတွင်း မိုးရေချိန် ၃၀၀ မီလီမီတာနီးပါးအထိ ရွာသွန်းခဲ့ကြောင်း ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဘန်ကောက်မြို့ နေရာအနှံ့ အပြားတွင် ရေလွှမ်းမိုးခဲ့ပြီး လမ်းများမှာလည်း ရေနစ်မြုပ် လျက်ရှိသည်။ ရေကြီးရေလျှံမှု ကြောင့် ဆိုးရွားစွာပျက်စီးဆုံးရှုံးမှု နှင့် ကြုံတွေ့နေကြရပြီး အထူး သဖြင့် မြစ်ချောင်းတစ်လျှောက် ဒေသများတွင် ပိုမိုပြင်းထန် ကြောင်း ဘန်ကောက်မြို့အုပ်ချုပ် ရေးမှူး ချတ်ချက်ဆစ်တီပွန့်က ပြောသည်။

ဘန်ကောက်မြို့၌ လက်ရှိ အချိန်အထိ ထိခိုက်သေဆုံးမှု မရှိသေးကြောင်း သိရသည်။ စက်တင်ဘာ ၂၇ ရက်မှစတင်ကာ အချို့ဒေသများတွင် မိုးရွာသွန်းမှု လျော့နည်း သွားနိုင်သော်လည်း ရေကြီးရေလျှံမှုဒဏ် ခံရသည့် ဒေသများ အထူးသဖြင့် မြေနိမ့် ဒေသများတွင် ထပ်မံမိုးရွာသွန်း နိုင်ခြေရှိသည့်အတွက် သတိဝိရိယ ဖြင့် နေထိုင်ကြရန် တိုက်တွန်းထား သည်။

အင်နံအိတ်ချ်ကေ



နီပေါနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ၁၀ ဦး သေဆုံး

ခတ္တမန္တူ စက်တင်ဘာ ၂၇

နီပေါနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများကြောင့် သေဆုံးသူဦးရေမှာ ၁၀ ဦးအထိရှိလာပြီး လေးဦးပျောက်ဆုံးနေကြောင်း နီပေါရဲတပ်ဖွဲ့က စက်တင်ဘာ ၂၇ ရက်တွင် ပြောသည်။ ဘက်လန်းခရိုင်ရှိ မိသားစုတစ်စုတည်းမှ လေးဦးသေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ပယ်လ်ပါ ပြည်နယ်မှဖြစ်ပြီး သုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ မာယာဒီ ခရိုင်တွင် မြေပြိုမှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေဆဲ ဖြစ်သည်။



အခြားခရိုင်များတွင်လည်း ရေကြီးရေလျှံမှုကြောင့် နေအိမ်များ ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး လူသုံးဦး ထပ်မံသေဆုံးခဲ့သည်။ ပါဘတ်ပြည်နယ်တွင် ရေကြီးမှုကြောင့် နေအိမ် ၆၆ လုံး ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူနေဆဲ ဖြစ်ပြီး ဆုံးရှုံးမှုများ ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း နီပေါ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ နက်ထရာ ဘဟာဒါ ကာကီက ပြောကြား သည်။

ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သော ဒေသများတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်၌ လူကုန်ကူးသူ ခြောက်ဦးကို ဖမ်းဆီးပြီး လူကုန်ကူးခံရသူ ၁၀၀ ကျော် ကယ်တင်

ကဘူးလ် စက်တင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း နီမရိုစ်ပြည်နယ်၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက လူကုန်ကူးသူခြောက်ဦးကို ဖမ်းဆီးကာ လူကုန် ကူးခံရသူ ၁၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော်လဝီ ဂူလ် မိုဟာမက် ကူဒရက်က စက်တင်ဘာ ၂၇ ရက်တွင် ပြောသည်။

လူကုန်ကူးသူများဟု သံသယရှိသူများသည် တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် လူပေါင်း ၁၁၃ ဦးကို နိုင်ငံပြည်ပသို့ မှောင်ခိုကူးရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် များက အဆိုပါကြိုးပမ်းမှုကို ဖော်ထုတ်နိုင်ခဲ့ပြီး တားဆီးနိုင်ခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

လူကုန်ကူးသူခြောက်ဦးစလုံးကို စုံစမ်းစစ်ဆေးရန် ဖမ်းဆီးထား ပြီး လူကုန်ကူးခံရသူများကို ကယ်တင်ခဲ့သည်။ လွန်ခဲ့သည့် နှစ်လတာ အတွင်း အလုပ်အကိုင်ရှာဖွေရန် အိမ်နီးချင်းအီရန်နိုင်ငံသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းခဲ့သူ ၂၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၎င်းတို့ထဲမှ ၁၉ ဦးမှာ နီမရိုစ်ပြည်နယ် သဲကန္တာရအတွင်း ရေငတ်ခြင်းနှင့် အစာ ရေစာပြတ်လပ်ခြင်းတို့ကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံက နူရစ္စတန်ပြည်နယ်အကြမ်းဖက်မှုနှင့် ပတ်သက်၍ အာဖဂန်၏ စွပ်စွဲချက်များကို ပယ်ချ

အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရစ္စတန် ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများတွင် အစ္စလာမ္မာဘတ် ပါဝင်ပတ်သက်နေကြောင်း အာဖဂန်အာဏာပိုင်များ၏ စွပ်စွဲပြောကြား ချက်များကို ပယ်ချလိုက်ပြီး ယင်းစွပ်စွဲချက်များမှာ အခြေအမြစ်မရှိ ကြောင်းနှင့် သက်သေအထောက်အထားမရှိကြောင်း ပြန်ကြားရေး ဝန်ကြီးဌာနက ပြောသည်။

နူရစ္စတန် သို့မဟုတ် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အခြားနေရာ များတွင် ဖြစ်ပွားခဲ့သောပဋိပက္ခများ၌ မိမိတို့၏ လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့် ထောက်လှမ်းရေးအေဂျင်စီများ ပါဝင်ပတ်သက်မှုမရှိကြောင်း ပါကစ္စတန်ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။ **ဆင်ဟွာ**

နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရသူ ၆၀ ကျော်ကို ကယ်တင်

အဘူဂျာ စက်တင်ဘာ ၂၇

နိုင်ဂျီးရီးယားနိုင်ငံ၌ လွန်ခဲ့သည့် သီတင်းပတ်အတွင်း နိုင်ငံတစ်ဝန်း ပြုလုပ်ခဲ့သည့် အကြမ်းဖက် တိုက်ဖျက်မှု စစ်ဆင်ရေးများ အတွင်း ပြန်ပေးဆွဲခံရသူ ၆၀ ကျော် ကို ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ဂျီး ရီးယား တပ်မတော်က စက်တင် ဘာ ၂၆ ရက်တွင် ပြောသည်။

စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်အတွင်းပြုလုပ်သည့် အကြမ်း ဖက်တိုက်ဖျက်မှု စစ်ဆင်ရေး များအတွင်း အကြမ်းဖက်သမား ၂၀ ခန့် လက်နက်ချခဲ့ပြီး အကြမ်း ဖက်သမားများ၏ မိသားစုဝင်များ ဟု သံသယရှိသူ ၄၄ ဦးကို ဖမ်းဆီး နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယား တပ်မတော် ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ် အိုနိုကျာက မီဒီယာသို့ ပြောသည်။

နိုင်ငံတစ်ဝန်း အကြမ်းဖက်မှု၊ ပြန်ပေးဆွဲမှု၊ လက်နက်မှောင်ခိုမှု၊ ရေနံခိုးယူမှုနှင့် အခြားလုံခြုံရေး ခြိမ်းခြောက်မှုများကို တိုက်ဖျက် ရန် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အကြမ်းဖက်သမား များ၏ မိသားစုဝင်ဟု သံသယ ရှိသူ ၄၄ ဦးတွင် ကလေး ၃၁ ဦးနှင့် အမျိုးသမီး ၁၃ ဦး ပါဝင်ကာ ၎င်းတို့ကို နိုင်ငံအရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ် ကွန်ဒူဂါတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

မြန်မာ့အသံနှင့်ဂွမ်ဖြင်သံကြား

၂၈-၉-၂၀၂၆ တနလင်္ာနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမကာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမကာနာယကအဖွဲ့ဆရာတော်များ၏ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ခံယူခြင်း
၀၇:၀၀ နံနက်သင်တန်း
၀၉:၄၀ ကမ္ဘာ့ဆွေးနွေးရေးဒါဂကွယ်ရောနေ့အစီအစဉ် "သတိမူကောက္ခယ်ဆွေးနွေးရေးဒါဂအမှုရာယ်"
၁၀:၀၀ သတင်းထူးသတင်း
၁၁:၁၅ ဘရန်းအနယူး "စွယ်စုံရုံအနယူးညာရှင် အကယ်ဒမီဝင်ယူလေ" (အပိုင်း-၁)
၁၂:၃၀ မြန်မာစာတော်လင်းတဲ့ **"အမုန်းစိတ်အမှန်"** (အပိုင်း-၁၄)
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာစာတော်လင်းတဲ့ **"အချစ်ရဲ့ဘိပ်ပတ်တန်နိုး"** (အပိုင်း-၁၉)
၁၄:၅၅ မိုးရာဂါတင်ပေးတိုကာရေးဒီးအပေး

mtv

07:01 Evergreen Classic; Thatta Htar Na (Sein Lei Lei))
07:10 Enchanting Myeik
07:26 Strokes from Heart of Periodical Artists
07:26 Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung)
08:01 News
08:26 Asia Updates; A World in Bloom A
08:38 Mote Pel Sote from Intaing Village
08:46 Chef Life: Thanakrit Chamnongbutr
09:01 Irrawaddy Dolphin (Part-2)
09:15 Discovering Tribes: Kanan their life and customs (Part-I)
09:48 Kindhearted Pet Lovers
10:01 News
10:26 Topical Topics: Our Land, Our Future

MRTV NRC

ချင်း (ရိုင်နီး) (၀၆:၀၀ မှ ၀၇:၀၀)
ချင်းရိုးရာသေးသောင်းပြုလုပ်နည်း
ချင်း (ဆျိုး) (၀၇:၀၀ မှ ၀၈:၀၀)
အုပ်ချုပ်ရေးဝါသီးအစွမ်း
မြန် (၀၈:၀၀ မှ ၁၀:၀၀)
ဂဝံယဉ်ကျေးမှု
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ပျိုးထုက်တင့်ဝယဉ်းကျေးမှုအလေ့(အပိုင်း-၁)
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ပေးပါင်(၀၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်ဝင်းမှ တောင်လယ်ပန်းများရိုးရာဆိပ်သို့
၀ (၁၄:၀၀ မှ ၁၆:၀၀)
"၀" ဘာသာစကားပြုကြားရေးအောင် (အရောင်အသင်းပိုင်ရာဝေါ်ဟာရများ)
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ကချင်ရိုးရာထုံးဝါးများအကြောင်းသိကောင်းစရာ
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ဒုတ္ထာစောင်းအကောက်တောင်
၀ကကမာရင် (၂၀:၀၀ မှ ၂၂:၀၀)
မုန့်ဟင်းခါးချက်စားနည်းအောင်
ဘန္ဒေးကိုးကရင် (၂၂:၀၀ မှ ၂၂:၃၀)
သဘာဝဝိကျင်းများဆယ်ကျော်ရာစုနှစ်
ဘရွှေဒိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
လိုင်းထောင်လာမစ်ရေတံခွန်သို့

MRTV NEWS

၀၆:၀၀ အဖွင့်ဂေါ်သီချင်း
၀၆:၀၅ လုပ်ရပ်ရာများအကဖား
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ထူးခြားရုပ်ပြာသုဝါမိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမုန်းကဏ္ဍ (LIVE)
၁၈:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၈:၁၅ Listen to the Earth Our Living Planet
သက်ရှိကမ္ဘာ့မြေကြီး
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်အလံ
၁၀:၀၀ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပမှု(ထူးဆန်း)
၁၂:၀၀ လွှတ်တော်သတင်း (၂၈-၉-၂၀၂၆)

MRTV FARMERS

၀၆:၀၀ အဖွင့် နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူလယ်ယာစနစ်ရာသတင်း
၀၆:၂၀ MSME ထုတ်ကုန်များမည်သည့် ကျန်းမာသောလူနေမှုဘဝဆီသို့
၀၇:၀၀ ဗိုက်ဖူးပေးပြုသုတာတက် ဝရုဏ်တည်တံ့သောဇီးလုပ်ငန်းနှင့် သုတာသနအနန်းကဏ္ဍ
၀၈:၀၀ အရိုးကျန်သယံဇာတမရှိသော တန်ဖိုးမြင့်ထုတ်ကုန် (မြစ်ငြောက်)
၀၉:၀၀ မြန်မာ့လုပ်သားလုံလောက်စောင်းပေးဆန်းစစ်ခြင်း
၁၀:၃၀ ပထာဒုတ်ဘုံးမြင်တော်မှုန်း (တတိယတော်)
၁၁:၃၀ တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတင်တွေ့ဆုံနေတိုက်ခိုက်ထုတ်လွှင့်မှု

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လုပ်ကိုင်အတွက်လမ်းပြကြမ်
၀၆:၃၅ Sports Diary
၀၇:၂၅ The Sports Editor's Top Picks Of This Week
၀၈:၀၀ (၃၃)ကြိုးပြတ်အဆွေတော်အာဇာအားကစား ပြိုင်ပွဲ (ဒေးကပြိုင်ပွဲ)(ဝိုလ်လုပွဲ) (Replay)
၁၃:၀၀ အားကစားသတင်း

mrtv Radio

Scan Here

Education Channel



Social Etiquette လူမှုဘဝထဲက လောကဝတ်များ

တောင်းမှာအကွပ် လူမှာအဝတ် - (၉)

မေ



"အဝတ်အစားက လူကို မဆုံးဖြတ်နိုင်ဘူး"လို့ ပြောကြပေမယ့်၊ ပထမဆုံးတွေ့ဆုံချိန်မှာတော့ ဝတ်စားဆင်ယင်မှုက ကိုယ့်ရဲ့ပုံရိပ်ကို အရင်ဆုံး ဖော်ပြပေးနေတဲ့ First Impression ဖြစ်ပါတယ်။ အဝတ်အစားက လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို တိုက်ရိုက်မဖော်ပြနိုင်ပေမယ့် ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှုနဲ့ သွားမယ့်နေရာအပေါ် လေးစားမှုကို တော့ ဖော်ပြပေးနိုင်ပါတယ်။

အဝတ်အစားရွေးချယ်ရာမှာ တန်ဖိုးရှိ၊ ဈေးကြီးတာထက် သွားမယ့်နေရာ (အလုပ်၊ ပွဲလမ်း၊ သာရေးနာရေး) နဲ့ လိုက်ဖက်ညီဖို့က အဓိကပါ။ သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ခြင်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တိုးစေရုံတင်မကဘဲ တွေ့ဆုံရသူတွေကိုပါ လေးစားရာရောက်ပါတယ်။ အခြေအနေနဲ့ မကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုက အခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ကိုယ့်ရဲ့ ဝတ်စားဆင်ယင်မှုက ကိုယ့်အသိုင်းအဝိုင်းကို ကိုယ်စားပြုနေတာပါ။

အက်တီကက်ဆိုတာ တန်ဖိုးကြီး အဝတ်အစားများ ဝတ်ဆင်ခြင်း မဟုတ်ပါဘူး။ သင့်တော်မှု၊ သန့်ရှင်းသပ်ရပ်မှုနဲ့ ကိုယ့်ရဲ့ ပြုမူနေထိုင်ပုံ ကသာ အဓိက အရေးကြီးပါတယ်။ မိမိ၏ ဝတ်စားဆင်ယင်ပုံနဲ့ နေထိုင်ပုံက လူမှုဆက်ဆံရေးမှာ ကောင်းမွန်တဲ့အမြင်တစ်ခုကို အမြတမ်း ဖန်တီးပေးနိုင်ပါတယ်။

တွံတေးမြို့နယ်၌ သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

တွံတေး စက်တင်ဘာ ၂၇ မြို့နယ် မြို့နယ်သမဝါယမ ရန်ကုန်တိုင်းဒေသကြီး တွံတေး အသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က တွံတေးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်တို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းများ၊ သက်တံ့ရောင်စီမံကိန်းနှင့် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ်နှင့် သမဝါယမမဦးစီးဌာနက ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီးနောက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မျိုးလှိုင်(တွံတေး)

မတ္တရာမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့် ငါးမွေးကန် ၁၅၇ ဧကအတွက် ငါးသားပေါက် ၄၇၁၀၀၀ ထောက်ပံ့ပေးအပ်

မတ္တရာ စက်တင်ဘာ ၂၇ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ဆည်တော်ကြီးဆည်ရေထိန်းညှိ ထုတ်လွှတ်မှုကြောင့် ရေကြီးနစ်မြုပ်ဆုံးရှုံးခဲ့သော ငါးမွေးမြူသည့် တောင်သူ ခုနစ်ဦး၏ ငါးမွေးကန် ၁၅၇ ဧက အတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ သရက်ကုန်း၊ နတ်ရေကန်နှင့် ကူမဲငါးလုပ်ငန်းစခန်းတို့မှ ပေးအပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက် ၄၇၁၀၀၀ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးထွန်းထွန်းဦးက ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ရေကြီးနစ်မြုပ်ဆုံးရှုံးခဲ့သည့် ငါးမွေးမြူရေးကန် ၁၅၇ ဧကအတွက် ငါးသားပေါက်များကို တာဝန်ရှိသူများက ငါးမွေးတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရွှေရာသား

မိတ္ထီလာမြို့နယ်အတွင်း ကုန်ထုတ်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

မိတ္ထီလာ စက်တင်ဘာ ၂၇ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်း ကုန်ထုတ်လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်နိုင်ရေးအတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကုန်အထိ သက်တမ်းတိုး ဆောင်ရွက်မည့် မြစ်မ်းရောင်စီမံကိန်းကျေးရွာ ၁၉ ရွာနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာနှစ်ရွာကို လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍများ ပြောင်းလဲဆောင်ရွက်သွားနိုင်ရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရေး၊ MSME အသေးစား စက်မှုလက်မှု လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးပြောကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါ်ပေါက်လာသည့်အခါ ပြေလည်အောင် ဖြေရှင်းပေးရန် သဘောတူညီခဲ့ကြသည်။

ဆက်လူ



❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများ နှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကမ္ဘာမြေ၏ သတိပေးသံနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးအပေါ် ငလျင်ဘူမိဗေဒဆိုင်ရာရှုထောင့်မှ လေ့လာဆန်းစစ်ခြင်း

သန်းလွင် (ဘူမိ)

သဘာဝတရား၏ ဖန်တီးမှုများနှင့် အလှတရားများသည် လူသားတို့အတွက် ကြည်နူးဖွယ်ကောင်းလှသော်လည်း တစ်ခါတစ်ရံတွင်မူ ထိုသဘာဝတရားသည်ပင် လျှင်ကြောက်မက်ဖွယ်ရာ ဘေးအန္တရာယ်ကြီးများကို သယ်ဆောင်လာတတ်သည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များအနက် ကြိုတင်ခန့်မှန်းရ အခက်ခဲဆုံးနှင့် ဖျက်စွမ်းအားအပြင်းဆုံး ဘေးအန္တရာယ်တစ်ခုမှာ "ငလျင်ဘေးအန္တရာယ်"ပင် ဖြစ်သည်။ ငလျင်ဆိုသည်မှာ ကမ္ဘာအပေါ်ယံမြေလွှာချပ်များ ရုတ်တရက် ရွေ့လျားခြင်းကြောင့် စွမ်းအင်များ လှိုင်းသဏ္ဌာန် ပြန့်ကားထွက်လာပြီး မြေပြင်တုန်ခါမှုကို ဖြစ်ပေါ်စေသည့် သဘာဝဖြစ်စဉ်တစ်ခု ဖြစ်ပေသည်။

ထိုသို့လှုပ်ရှားရွေ့လျားရာမှ စုစည်းလာသော ဖိအားစွမ်းအင်များသည် ပြတ်ရွေ့ကြောင်းများမှ တစ်ဆင့် ရုတ်တရက်ရုန်းထွက်ပြန့်ကားလာပြီး လှိုင်းသဏ္ဌာန် ပျံ့နှံ့သွားကာ မြေပြင်ကို ပြင်းထန်စွာ တုန်ခါစေတော့သည်။ ငလျင်သည် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းသာ လှုပ်ခတ်တတ်သော်လည်း ယင်း၏ နောက်ဆက်တွဲအဖြစ် ဖျက်ဆီးနိုင်စွမ်းမှာ အလွန်ကြီးမားလှပါပေသည်။ ငလျင်များသည် သဘာဝကြောင့် ဖြစ်ပေါ်သောငလျင်နှင့် လူသားတို့၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်သော ငလျင်ဟူ၍ အကြောင်းရင်း နှစ်မျိုးရှိသည်။

သဘာဝကြောင့် ဖြစ်ပေါ်သော ငလျင်များ

သဘာဝအကြောင်းရင်းများအဖြစ် ငလျင်လှုပ်ရှားမှုများသည် မြေထုချပ်များ ရွေ့လျားခြင်းနှင့် ပြတ်ရွေ့ရှုင်များလှုပ်ရှားခြင်းများကြောင့် တိုက်ရိုက်ဖြစ်ပေါ်ကြပြီး မီးတောင်ပေါက်ကွဲခြင်းနှင့် မြေအောက်လိုဏ်များ ပြိုကျခြင်းများကြောင့်လည်း သွယ်ဝိုက်သော အကြောင်းရင်းအဖြစ် ငလျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည်။

မြေထုချပ်များ ရွေ့လျားခြင်းဆိုရာတွင် မြေတွင်းလှုပ်ရှားမှု တက်တိုးနစ်သဘောတရားအရ ဖြစ်ပေါ်သည့် တက်တိုးနစ်မြေထုချပ်(Tectonic Plate) များ ရွေ့လျားခြင်းကြောင့် ငလျင်များဖြစ်ပေါ်လေ့ရှိကြပေသည်။ ကမ္ဘာပေါ်တွင် အတွေ့ရအများဆုံး ငလျင်များမှာ ဤအကြောင်းရင်းကြောင့် ဖြစ်ပေါ်ကြပြီး ဖြစ်စဉ်အနေဖြင့် ကမ္ဘာ့မြေလွှာသည် တက်တိုးနစ်မြေထုချပ်များဖြင့် ဖွဲ့စည်းထားရာ တစ်ခုနှင့်တစ်ခု တိုက်မိခြင်း၊ ပွတ်တိုက်ခြင်း သို့မဟုတ် ခွာထွက်ခြင်းတို့ကြောင့် ငလျင်များဖြစ်ပေါ်လေ့ရှိခြင်းကြောင့် ဖြစ်ပေသည်။

ထို့အပြင် ပြတ်ရွေ့ရှင် (Active Fault) များတွင် ဖိအားများစုစည်းလာပြီး ရုတ်တရက်ပြတ်ထွက် ရွေ့လျားရာမှ အင်အားပြင်းငလျင်များ ဖြစ်ပေါ်လေ့ရှိသည်။ သွယ်ဝိုက်သောအားဖြင့် မီးတောင်မပေါက်ကွဲမီနှင့် ပေါက်ကွဲနေစဉ်အတွင်း မြေအောက်ချော်ရည်များ လှုပ်ရှားမှုကြောင့်လည်း ငလျင်များဖြစ်ပေါ်လေ့ရှိကြပြီး မြေအောက်သဘာဝထုံးကျောက်လိုဏ်ဂူကြီးများကဲ့သို့သော မြေအောက်လိုဏ်များ ရုတ်တရက်ပြိုကျခြင်းကြောင့် ငလျင်ငယ်များ ဖြစ်ပေါ်လေ့ရှိသည်။ ထိုဖြစ်စဉ်များမှာ အတွေ့ရနည်းသည့် သဘာဝဖြစ်စဉ်များ ဖြစ်သည်။

လူသားတို့၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်သောငလျင်များ

လူသားတို့သည် မြို့ပြနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအရ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းများဖြင့် ဆောင့်ရွက်လုပ်ဆောင်လျက်ရှိရာ အချို့သော လုပ်ဆောင်ချက်များသည် သွယ်ဝိုက်လျက် ငလျင်များကို ဖြစ်ပေါ်စေပေသည်။ သို့ရာတွင် လူတို့၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသည့် ငလျင်များသည် ကမ္ဘာပေါ်တွင် အတွေ့ရနည်းသည့် ဖြစ်ပေါ်မှုနည်းသည့် ငလျင်များအနေဖြင့် ရှိပေသည်။

> **“ မြေထုချပ်များ ရွေ့လျားခြင်းဆိုရာတွင် မြေတွင်းလှုပ်ရှားမှု တက်တိုးနစ်သဘောတရားအရ ဖြစ်ပေါ်သည့် တက်တိုးနစ်မြေထုချပ် (Tectonic Plate) များ ရွေ့လျားခြင်းကြောင့် ငလျင်များဖြစ်ပေါ်လေ့ရှိကြပေသည်။ ကမ္ဘာပေါ်တွင် အတွေ့ရအများဆုံး ငလျင်များမှာ ဤအကြောင်းရင်းကြောင့် ဖြစ်ပေါ်ကြပြီး ဖြစ်စဉ်အနေဖြင့် ကမ္ဘာ့မြေလွှာသည် တက်တိုးနစ်မြေထုချပ်များဖြင့် ဖွဲ့စည်းထားရာ တစ်ခုနှင့်တစ်ခု တိုက်မိခြင်း၊ ပွတ်တိုက်ခြင်း သို့မဟုတ် ခွာထွက်ခြင်းတို့ကြောင့် ငလျင်များဖြစ်ပေါ်လေ့ရှိခြင်းကြောင့်ဖြစ် ”**

ချူကလီးယား စမ်းသပ်ခြင်းကဲ့သို့သော မြေအောက်တွင် ပြင်းထန်သော ချူကလီးယား လက်နက်များ စမ်းသပ်ဖောက်ခွဲမှုကြောင့် မြေပြင်တုန်ခါမှုများ ဖြစ်ပေါ်စေလျက် ငလျင်ဖြစ်ပေါ်ခြင်း၊ ကန်ရေပြင်ကျယ်ကြီးများနှင့် ရေထုထဲသန်းပေါင်းများစွာကို သိုလှောင်သည့် ရေကာတာကြီးများ ဆောက်လုပ်မှုအနေဖြင့် ရေပြင်အောက် အောက်ခံမြေလွှာအပေါ် ရေဖိအားသက်ရောက်မှုကြောင့် ငလျင်ငယ်များကို ဖြစ်ပေါ်စေခြင်း၊ သတ္တုတွင်းတူးခြင်းနှင့် ရေနံထုတ်ယူခြင်းများတွင် မြေအောက်အနက်ပိုင်းတွင် မိုင်းခွဲခြင်း၊ ကျောက်မီးသွေးနှင့် ရေနံများကို အလွန်အကျွံထုတ်ယူခြင်းတို့ကြောင့် မြေအောက်ကျောက်လွှာများ မတည်ငြိမ်ဘဲ ပြိုကျတုန်ခါ၍ ငလျင်ဖြစ်ပေါ်စေခြင်းတို့ပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံနှင့် ငလျင်များ

မြန်မာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ငလျင်ကြောကြီးတစ်ခုဖြစ်သည့် အယ်လ်ပိုင်း ငလျင်ကြော (Alpine Belt) ပေါ်တွင် တည်ရှိသည်။ နိုင်ငံ၏ မြောက်ဘက်မှ တောင်ဘက်သို့ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားစွာ ဖြတ်သန်းသွားသော "စစ်ကိုင်းပြတ်ရွေ့ကြောကြီး" သည် မြန်မာနိုင်ငံအတွင်း ဖျက်အားပြင်းငလျင်များဖြစ်ပေါ်စေသည့် ပြတ်ရွေ့ရှင်တစ်ခုဖြစ်သည်။ ထိုပြတ်ရွေ့ကြောကြီး၏ ဘေးဝဲယာတွင် ပဲခူး၊ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းကဲ့သို့သော လူဦးရေ ထူထပ်သည့် အချက်အချာကျသောမြို့ကြီးများ တည်ရှိနေရာ စစ်ကိုင်းပြတ်ရွေ့ကြောင့် ဖြစ်ပေါ်လာသည့် ငလျင်ကြီးများသည် လူအများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်လျက် ပိုမိုဖျက်ဆီးနိုင်ခြင်းလည်း ဖြစ်သည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့ဖူးသည့် အင်အားပြင်း ငလျင်ကြီးများအနေဖြင့် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်–

၁၇၆၂ ခုနှစ် (ရခိုင်ငလျင်)။ ရခိုင်ကမ်းရိုးတန်းကို ဗဟိုပြု၍ ငလျင်ပမာဏ မဂ္ဂနီကျူဒ် ၈ ဒသမ ၅ ခန့် လှုပ်ခတ်ခဲ့သည့် မြန်မာ့သမိုင်းတွင် အင်အားအပြင်းဆုံးဟု ခန့်မှန်းခဲ့ကြသည်။ ရခိုင်ကမ်းရိုးတန်း တချို့နေရာများတွင် မြေမျက်နှာပြင် မိတာအတော်များများ မြင့်တက်သွားခဲ့ပြီး ဆူနာမီရေလှိုင်းများကို ဖြစ်ပေါ်စေခဲ့သည်။

၁၈၃၉ ခုနှစ်၊ မတ်လ ၂၃ ရက် (အင်းဝငလျင်)။ စစ်ကိုင်းပြတ်ရွေ့လှုပ်ရှားမှုကြောင့် မဂ္ဂနီကျူဒ် ၇ ဒသမ ၅ ခန့်ရှိသည့် ငလျင်ဖြစ်ပြီး ထိုစဉ်က မြို့တော်ဟောင်းဖြစ်သော အင်းဝ၊ စစ်ကိုင်းနှင့် အမရပူရမြို့များ ပျက်စီးခဲ့ရသည်။ ကမ္ဘာကျော် မင်းကွန်းပုထိုးတော်ကြီး ကြီးမားစွာ အက်ကွဲသွားခဲ့ပြီး လူပေါင်း ၄၀၀ ကျော် သေဆုံးခဲ့သည်။

၁၉၁၂ ခုနှစ်၊ မေလ ၂၃ ရက် (မေမြို့ငလျင်)။ ကျောက်ကြမ်းပြတ်ရွေ့လှုပ်ရှားမှုကြောင့် မဂ္ဂနီကျူဒ် ၇ ဒသမ ၉ ဖြင့် လှုပ်ခတ်ခဲ့ပြီး ငလျင်တိုင်းတာသည့် စက်များပေါ်ပေါက်လာသည့် ၁၉ ရာစုတွင် မြန်မာနိုင်ငံတွင် စွမ်းအား အပြင်းဆုံးငလျင်ဟု ပြောရမည်ဖြစ်သည်။ ပြင်ဦးလွင် (မေမြို့)၊ မန္တလေးနှင့် မိုးကုတ်မြို့တို့တွင် အုတ်တိုက်များစွာ ပြိုကျ ပျက်စီးခဲ့သည်။

၁၉၃၀ ပြည့်နှစ်၊ မေလ ၅ ရက် (ပဲခူးငလျင်)။ ငလျင်ပမာဏ မဂ္ဂနီကျူဒ် ၇ ဒသမ ၃ အဆင့်ရှိပြီး စစ်ကိုင်းပြတ်ရွေ့ကြောကြောင့် ဖြစ်ပွားပြီး ပဲခူးမြို့ရှိ သမိုင်းဝင် ရွှေမော်ဓောစေတီတော်ကြီးမှာ မြေခဲ့ရသည်။ ရန်ကုန်တွင်လည်း ရွှေတိဂုံစေတီတော် စိန်ဖူးတော်မြေခဲ့ပြီး လူပေါင်း ၅၅၀ ကျော်သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက် (ဖြူးငလျင်)။ ပဲခူးငလျင်လှုပ်ပြီး ထိုနှစ်အတွင်းမှာပင် စစ်ကိုင်းပြတ်ရွေ့မှ မဂ္ဂနီကျူဒ် ၇ ဒသမ ၃ ဖြင့် ထပ်မံလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဖြူးမြို့ပေါ်ရှိ အုတ်တိုက်များစွာ ပြိုကျပျက်စီးခဲ့ရပြီး ရထားလမ်းများ ကွေးကောက်သွားခဲ့ကာ လူ ၃၀ ကျော် သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ တွေ့ရှိနိုင်သည်။

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် (စစ်ကိုင်းငလျင်)။ စစ်ကိုင်းပြတ်ရွေ့လှုပ်ရှားမှုကြောင့် မဂ္ဂနီကျူဒ် ၇ ဒသမ ၁ လှုပ်ခတ်ခဲ့ပြီး စစ်ကိုင်းတောင်ရိုးရှိ စေတီပုထိုးများနှင့် သီလရှင်ကျောင်းများစွာ ပြိုကျခဲ့သည်။ ကမ္ဘာ့ကျော်မင်းကွန်းခေါင်းလောင်းကြီး ဆွဲချိတ်ထားသည့် အုတ်ဒေါက်တိုင်ကြီးများ ကျိုးပျက်သွားခဲ့ပြီး လူပေါင်း ၄၀ ကျော် သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် (ပုဂံငလျင်)။ ငွေးချိုပြတ်ရွေ့ကြောင့် ငလျင်ပမာဏ မဂ္ဂနီကျူဒ် ၆ ဒသမ ၅ လှုပ်ရှားခဲ့ပြီး အချို့က ၆ ဒသမ ၈ ဟုလည်းဆိုကြသည်။ ပုဂံဒေသရှိ ကန်တော့ပလွင်၊ အာနန္ဒာ၊ သဗ္ဗညု အပါအဝင် ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းစေတီပုထိုးပေါင်း ၂၀၀၀ ကျော် အပြင်းအထန် ပျက်စီးခဲ့ရသည့် သမိုင်းဝင် ငလျင်တစ်ခုလည်း ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် (တောင်တွင်းကြီးငလျင်)။ ငလျင်ပမာဏ မဂ္ဂနီကျူဒ် ၆ ဒသမ ၈ ဖြင့် လှုပ်ရှားခဲ့ပြီး တောင်တွင်းကြီးမြို့နယ်ရှိ ရှေးဟောင်းဘုရားပုထိုးများနှင့် လူနေအိမ်များစွာ ထိခိုက်ပျက်စီးခဲ့ပြီး လူ ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ်၊ မတ်လ ၂၄ ရက် (တာလေငလျင်)။ ရွှေတြိဂံပြတ်ရွေ့ဇုန်ရှိ နမ့်မပြတ်ရွေ့မှ မဂ္ဂနီကျူဒ် ၆ ဒသမ ၈ ဖြင့်လှုပ်ရှားခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေနှင့် တာချီလိတ်မြို့ဝန်းကျင်ရှိ လမ်းတံတားများနှင့် နေအိမ်များစွာ ပြိုကျပျက်စီးခဲ့ပြီး လူပေါင်း ၇၀ ကျော် သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (သပိတ်ကျင်းငလျင်)။ စစ်ကိုင်းပြတ်ရွေ့လှုပ်ရှားမှုကြောင့် မဂ္ဂနီကျူဒ် ၆ ဒသမ ၈ လှုပ်ခတ်ခဲ့ပြီး ထိုအချိန်ကတည်ဆောက်ဆဲ ရတနာသိမ် ဧရာဝတီ မြစ်ကူးတံတားကြီးမှာ မြစ်အတွင်းသို့ ပြိုကျခဲ့ရသည်။ သပိတ်ကျင်း၊ မိုးကုတ်နှင့် ရွှေဘိုမြို့များတွင်လည်း ပျက်စီးမှုများပြားကာ လူပေါင်း ၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (ချောက်ငလျင်)။ မကွေးတိုင်းဒေသကြီး ချောက်မြို့အနီး ဗဟိုပြု၍ မဂ္ဂနီကျူဒ် ၆ ဒသမ ၈ ဖြင့် ငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ပုဂံရှိ ရှေးဟောင်းစေတီပုထိုးပေါင်း ၄၀၀ နီးပါး ထပ်မံထိခိုက်ပျက်စီးခဲ့ရကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ကမ္ဘာမြေ၏ သတိပေးသံ

သဘာဝတရားသည် လူသားတို့၏ ခန့်မှန်းချက်များကို ကျော်လွန်၍ ၎င်း၏ အင်အားကြီးမားပုံကို တစ်ခါတစ်ရံ ပြသလေ့ရှိပေသည်။ မြန်မာနိုင်ငံသားတို့အတွက်မူ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့သည် ကမ္ဘာမြေ၏ ကြောက်မက်ဖွယ်ရာနှင့် အပြင်းထန်ဆုံး သတိပေးသံကို ရင်ဆိုင်ခဲ့ရသည့် သမိုင်းဝင် နေ့ရက်တစ်ရက်အဖြစ် ကျန်ရစ်ခဲ့ရသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် ငလျင်ကြီးသည် ၁၉၁၂ ခုနှစ် မေမြို့ငလျင် နောက်ပိုင်း နှစ်ပေါင်း (၁၀၀) ကျော်အတွင်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သမျှ စွမ်းအင်အပြင်းဆုံးနှင့် ပျက်စီးမှုအများဆုံးကပ်ဘေးကြီးအဖြစ် မှတ်တမ်းဝင်ခဲ့ရသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် ၁၆ ကီလိုမီတာအကွာ၊ မန္တလေးမြို့နှင့် အလွန်နီးကပ်သောနေရာကို ဗဟိုပြု၍ အင်အားပြင်းငလျင်ကြီး လှုပ်ခတ်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဘူမိဗေဒတိုင်းတာရေးဌာန (USGS)၏ ထုတ်ပြန်ချက်အရ ၎င်းငလျင်သည် ငလျင်ပမာဏမဂ္ဂနီကျူဒ် ၇ ဒသမ ၇ (Magnitude 7.7) အဆင့်ရှိပြီး မြေအောက် အနက် ၁၀ ကီလိုမီတာသာရှိသည့် ဓောက်တိမ်အမျိုးအစား ငလျင်တစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပင်မငလျင်ကြီးလှုပ်ခတ်ပြီး ၁၂ မိနစ်ခန့်အကြာတွင် မဂ္ဂနီကျူဒ် ၆ ဒသမ ၇ ဖြင့် နောက်ဆက်တွဲငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့သဖြင့် ဖျက်ဆီးနိုင်စွမ်းကို ပိုမိုကြီးမားစေခဲ့သည်။ ငလျင်၏ဗဟိုချက်သည် စစ်ကိုင်းပြတ် ရွှေ့ကြောကြီးပေါ်တွင် တည့်တည့်ကျရောက်ခဲ့ပြီး *စာမျက်နှာ ၁၇ သို့*

မိတ္ထီလာမြို့နယ်၌ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဘုရားပွဲ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



မိတ္ထီလာ စက်တင်ဘာ ၂၇

မိတ္ထီလာမြို့နယ်၌ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဘုရားပွဲ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက မြို့မရပ်ကွက် ဖောင်တော်ဦးရင်ပြင်တော်တန်ဆောင်းဆုပေးမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဘုရားပွဲ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ အမျိုးသား(အငယ်တန်း)လောင်းလှေပြိုင်ပွဲတွင် လူးခင်းကြီး ကျော်ဇေယျာဟိန်းအသင်းနှင့် ဟိန်းဇေယျာနိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ လူးခင်းကြီး ကျော်ဇေယျာဟိန်းအသင်းက အနိုင်ရရှိခဲ့ပြီး အမျိုးသမီးလောင်းလှေပြိုင်ပွဲတွင် ဇင်ဘိုအသင်းနှင့် မမနေလှိုင်းဖြူအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ဇင်ဘိုအသင်းက အနိုင်ရရှိခဲ့သည်။ ထို့နောက် အကြီးတန်း(အမျိုးသား) လောင်းလှေပြိုင်ပွဲတွင် ဇာတိသွေးအသင်းနှင့် ကံကြီးမောင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ဇာတိသွေးအသင်းက အနိုင်ရရှိခဲ့သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား(အငယ်တန်း)လောင်းလှေပြိုင်ပွဲ၊ အမျိုးသမီးလောင်းလှေပြိုင်ပွဲနှင့် အကြီးတန်း(အမျိုးသား) လောင်းလှေပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုများရရှိခဲ့သည့် ပြိုင်ပွဲဝင်အသင်းများအား မန္တလေး ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက လည်ဆွဲ

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဥတ္တရသီရိမြို့နယ်၌ နေပြည်တော်ကုသရေးဦးစီးဌာန အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်ကုသရေးဦးစီးဌာန အထူးကုဆရာဝန်ကြီးများပါဝင်သော နယ်လှည့် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးခြင်း လုပ်ငန်းများကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် (တောင်ညို) တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဧနီး၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးရဲမိုး၊ ဦးထွန်းထွန်းနှင့် ဦးအောင်ဇေယျတို့က လှည့်လည်ကြည့်ရှုအားပေးရာ နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဆွေဇင်၊ ဥတ္တရသီရိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေနှင့် တောင်ညိုတိုက်နယ်ဆရာဝန် ဒေါက်တာထွန်းလင်းတို့က ဆေးကုသပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှု ခံယူလျက်ရှိသော ဒေသခံပြည်သူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင် သစ်သီးခြင်းများ ပေးအပ်ခဲ့သည်။

ယနေ့ နေပြည်တော်ကုသရေးဦးစီးဌာနကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီးများပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အထွေထွေရောဂါ ၁၂၆ ဦး၊ ခွဲစိတ်ကုသမှု ၂၁ ဦး၊ အရိုး ၁၀၅ ဦး၊ ကလေး ၁၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းကိုးဦး၊ သားဖွားမီးယပ် ၂၃ ဦးနှင့် မျက်စိ ၄၆ ဦး၊ သွားနှင့်ခံတွင်း ရုစုဦး စုစုပေါင်း ဒေသခံပြည်သူ ၃၄၉ ဦးနှင့် အခြားစောင့်ရှောက်ပေးသော ဌာနများအနေဖြင့် အကြောအဆစ် ခုနစ်ဦး၊ X-Ray ၂၅ ဦး၊ Ultrasound ၂၇ ဦး စုစုပေါင်း ၅၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ်(၂၃)ရှိ ရွှင်ရယ်ခတ္တာဟိုတယ် ဓာတ်အားခိုးယူသုံးစွဲနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၇

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာအဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများအား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်



သာယာဝတီမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

သာယာဝတီ စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၅ ရက်က သာယာဝတီမြို့ အလယ်ပိုင်းရပ်ကွက် တိုက်ကျောင်းလမ်းရှိ တိုက်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲစိုး ဦးဆောင်ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲအုပ် မိုးမိုးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက စာသင်ကျောင်းဝင်း အတွင်း၊ အပြင်ရှိ ပေါင်းမြက်များ၊ သစ်ကိုင်းများနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

စာမျက်နှာ ၁၆ မှ

မြေပြင်အက်ကွဲမှသည် ကီလိုမီတာ ၄၆၀ ကျော် အထိ တောင်နှင့်မြောက် ရှည်လျားစွာ ဖြစ်ပေါ်ခဲ့သည်။ ငလျင်၏ တုန်ခါမှုလှိုင်းများသည် အလွန်ပြင်းထန်သဖြင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်(ယူနန်ပြည်နယ်)နှင့် ထိုင်းနိုင်ငံတို့အထိ ခံစားခဲ့ရသည်။ အထူးသဖြင့် ထိုင်းနိုင်ငံ ဘန်ကောက် မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် အဆောက်အအုံတချို့ ပြိုကျခဲ့ပြီး လူ ၃၀ ခန့် သေဆုံးခဲ့ရသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် (မန္တလေးငလျင်ကြီး)

မန္တလေးငလျင်ကြီးမှာ စစ်ကိုင်းပြတ်ရွှေ့မှ လှုပ်ခတ်ခဲ့သည့် မဂ္ဂနီကျဒဲ ၇ ဒသမ ၇ အဆင့်ရှိ ဧောက်တိမ်ငလျင် အမျိုးအစားဖြစ်ပြီး မန္တလေးမြို့အနီး စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် ၁၆ ကီလိုမီတာခန့်အကွာကို ဗဟိုပြု၍ လှုပ်ခဲ့သည့် ငလျင်ကြီးလည်းဖြစ်သည်။ ထိုငလျင်သည် ၁၉၁၂ ခုနှစ် မေမြို့ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်များတွင် အင်အား အပြင်းဆုံးနှင့် အပျက်အစီးအများဆုံး ငလျင်ဖြစ်ပြီး ခေတ်ပေါ်သမိုင်းတွင် ဒုတိယမြောက် အသေအပျောက် အများဆုံးငလျင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်း ငလျင်ကြောင့် ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် စေတီပုထိုးပေါင်း ၈၃၀၀ ကျော် ပျက်စီးခဲ့ပြီး လူပေါင်း ၅၅၀၀ ကျော် သေဆုံးခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပေသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် ပြိုကျမှုအပါအဝင် အိမ်နီးချင်းနိုင်ငံများ၌လည်း ပျက်စီးဆုံးရှုံးမှုများနှင့် သေဆုံးမှုများ ရှိခဲ့ကြောင်း သိရှိရသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

မိတ္ထီလာမြို့နယ်၌ သမဝါယမအသင်းစု အမှုဆောင်သစ်ရွေးချယ်

မိတ္ထီလာ စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သမဝါယမအသင်းစု၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ငြိမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တိုင်းဒေသကြီး



သမဝါယမအသင်းစုချုပ် ဒါရိုက်တာတို့က သမဝါယမအသင်းစု အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက မြို့နယ်အတွင်း အခြေခံသမဝါယမအသင်းများ စနစ်ကျသော သမဝါယမအသင်းများ ဖြစ်စေရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရွေ့လုပ်ငန်းစဉ်များ၊ ငြင်ဆင်သတ်မှတ်မည့် အသင်းစည်းကမ်းများ၊ အသင်းစာရင်းစစ် အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများအား တင်သွင်းခြင်း၊ အတည်ပြုခြင်းများနှင့် သမဝါယမအသင်းစု ၏ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို သတ်မှတ်စည်းကမ်းများနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်နိုင်၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျိုက်မရောမြို့နယ် ဘိန်းဗျကျေးရွာ ကော့တာတောရဘုန်းကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

ရွှေကျင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေကျင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်အဆင့်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကျွဲတဲရပ်ကွက်ရှိ ဦးအာရာဖတ်ခြံဝင်းအတွင်း၌ ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဦး၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များက



မန်ကျန်ကျား ၁၇၀၊ မဟော်ဂနီ ၅၀ နှင့် ခရေ ၃၀ စုစုပေါင်းပျိုးပင် ၂၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

ဒိုက်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ဒိုက်ဦး စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်္ဂလာနွယ်ကျေးရွာအုပ်စု အထက မင်္ဂလာနွယ်ကျောင်း၌ လမင်းစိမ်ချက်ဖြင့် အသက် (၁၀) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန



မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်မှ စတင်၍ ကွင်းဆင်းကာ စနစ်တကျ ဆောင်ရွက်ပေးသည်။

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဥပဒေအရာရှိနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးထက်ကျော်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ညောင်လေးပင်မြို့နယ် မဟာတိလောက သယ္ဘူကျောက်တော်ကြီး ဘုရားဝင်းအတွင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်သူဝင်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်တင်မိုးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၆ ရက်က လသာမြို့နယ် (၉)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိအမျိုးသားသွေးဌာနခွဲ ကျင်းပရာ တွဲတေးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဖုန်းမြင့်၊ အလုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဦးတို့ ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)





ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံဝင်း၌ စက်တင်ဘာ ၂၆ ရက်က စခန်းမှူး ရဲအုပ်မျိုးဇော်နှင့် တပ်ဖွဲ့ဝင်များ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကိုကို(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စက်တင်ဘာ ၂၆ ရက်က မြို့နယ်အတွင်းရှိ စားအုန်းဆီ လက်လီအရောင်းဆိုင်များ မြို့နယ်စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်သူ့ဆေးရုံဝင်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဆန်းညွှန့်နှင့်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ရာမည(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ တားမြစ်ထားသော စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး စက်တင်ဘာ ၂၆ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ရွှေရာသား





(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က စတင်၍ တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးဘိုးဘွားရိပ်သာအတွင်း /အပြင်၌ မြို့နယ်ရဲစခန်းမှူး ရဲမှူးသန်းဇော်ဝင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်လင်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

နေမျိုးလွင်(ပြန်/ဆက်)



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များနဲ့ပတ်သက်ပြီး Comparison of Adjectives (နာမဝိသေသနများကို နှိုင်းယှဉ်ဖော်ပြခြင်း) အကြောင်းကို ပိုပြီးနားလည်သွားစေဖို့ လေ့ကျင့်ခန်းများနဲ့ ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk on the phone–2 (ဖုန်းဘယ်လိုပြောမလဲ) ကိုထင်းခနဲ့ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

GRAMMAR

Basic to Intermediate

ယခင်အပတ် Exercise (1) မှအဖြေများ

1. warlike
2. imaginary
3. truthful
4. famous
5. comfortable
6. powerful
7. faithful
8. beautiful
9. talkative
10. helpful
11. pleasant
12. young

Adjectival Phrases (နာမဝိသေသနစကားစုများ) နဲ့ ပတ်သက်ပြီး ဆက်လက်ဖော်ပြသွားပါမယ်။

အခုဆိုရင် Adjectival Phrases (နာမဝိသေသနစကားစု) သုံးတဲ့ ပုံစံကို အတော်လေးနားလည်လာပြီလို့ ထင်ပါတယ်။ ဒါကြောင့် အောက်မှာ ပေးထားတဲ့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြည့်ပါဦးနော်။

Exercise (1) Rewrite these sentences using Adjectival Phrases from the adjectives provided.

1. We sat in the car that Ali had just bought. (shiny, new)
2. Jenny is a person whom you can trust. (honest, truthful)
3. We brought the dog home and nursed it back to health. (undernourished, abused)
4. We do not want to watch the play. (long, boring)
5. I saw the man shouting loudly. (rude, uncouth)
6. We walked down the stairs apprehensively. (old, rickety)
7. Paul lifted the package with great difficulty. (bulky, heavy)
8. Our teacher helped us with the questions. (tricky, difficult)
9. We looked at the building in awe. (tall, imposing)
10. The girl helped the old woman across the road. (kind, helpful)

Exercise (2) Fill in each blank with a suitable Adjectival Phrase.

1. The …… boy makes friends easily.
2. My new puppy is ……..
3. Sarah is …….. You will like her.
4. The sea water was …….. We enjoyed swimming in it.
5. The …….. man has no friends.
6. The …….. Movie received bad reviews.
7. The …….. Actress declined any interviews.
8. Nobody likes to be around the …….. child.
9. The …….. Model sashayed down the catwalk.
10. My …….. Brother hid a spider under my pillow.

Comparison of Adjectives (နာမဝိသေသနများကို နှိုင်းယှဉ်ဖော်ပြခြင်း)

နာမဝိသေသနများကို နှိုင်းယှဉ်ဖော်ပြရာတွင် ပုံစံသုံးမျိုးဖြင့် ဖော်ပြလေ့ရှိသည်။

၎င်းတို့မှာ – **Positive Degree (D1)**
– **Comparative Degree (D2)**
– **Superlative Degree (D3)** တို့ဖြစ်ကြသည်။

Positive Degree (သာမန်အဆင့်)

လူနှစ်ယောက် သို့မဟုတ် အရာဝတ္ထုနှစ်ခုတို့သည် တစ်ခုခုသော အရည်အသွေးတွင် တူညီသည်ဟု ပြောလျှင် Positive Degree (သာမန်အဆင့်) As + Adj + As ပုံစံဖြင့် သုံးရသည်။

ဥပမာ–
– Ni Ni is **as pretty as** Khin Khin.
– You are **as obstinate as** a mule.
– Riding a horse is not **as easy as** riding a bicycle.

Comparative Degree (သာလွန်အဆင့်)

မတူညီသော လူနှစ်ယောက် သို့မဟုတ် ပစ္စည်းနှစ်ခုတို့ကို နှိုင်းယှဉ်ဖော်ပြသည့်အခါတွင် Comparative Degree (သာလွန်အဆင့်) longer than/ more Adj than ပုံစံဖြင့် သုံးသည်။ ဥပမာ–
– Tun Tun **is taller than** Min Min.
– Thu Zar **is prettier than** Mya Mya.
– Maung Maung is **younger than** Aung Aung.
– This watch is good, but that watch **is better.**
– His pencil **is longer than** hers.

Superlative Degree (အသာလွန်ဆုံးအဆင့်)

လူသုံးယောက် သို့မဟုတ် သုံးယောက်ထက်ပိုသည့်အခါတွင်ဖြစ်စေ အရေအတွက် သုံးခု သို့မဟုတ် သုံးခုထက်ပိုသည့်အခါတွင်ဖြစ်စေ ပစ္စည်းသုံးခု သို့မဟုတ် သုံးခုထက်ပိုသည့်အခါတွင်ဖြစ်စေ အားလုံးထဲတွင် အသာလွန်ဆုံး၊ အမြတ်ဆုံးဆိုပြီး ဖော်ပြသည့်အခါ Superlative Degree (အသာလွန်ဆုံးအဆင့်) **the … est of / the most adj Noun + place** ပုံစံမျိုးဖြင့် သုံးသည်။ ဥပမာ–
– Among the three sisters Cherry is **the youngest.**
– Ko Ko is **the tallest boy** in our class.
– Yoon Yoon is **the prettiest girl** in our village.
– Mount Everest is **the highest peak** in the world.
– Arkar is **the most intelligent boy** in our class.

VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

– **blessing in disguise = (မကောင်းသလိုထင်ရပေမယ့် အကျိုးရှိသောအရာ)**
Losing that job was a blessing in disguise.
ဒီအလုပ်မရလိုက်တာလည်း ခပ်ကောင်းကောင်းပါပဲ။

– **blow off steam = (စိတ်ဖိစီးမှုလျှော့ချသည်)**
I exercise to blow off steam.
ကျွန်တော်စိတ်ဖိစီးမှုလျှော့ချဖို့ လေ့ကျင့်တယ်။

– **blow one's own trumpet = (ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်သည်။)**
Stop blowing your own trumpet.
ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်နေတာ ရပ်လိုက်ပါ။

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION



Shortest way to talk on the phone – 2 (ဖုန်းဘယ်လိုပြောမလဲ)

Sorry, say that again.
What was that?
Can you speak up a bit?
The signal's not so good.
Can I call you back later?

၁။ တစ်ယောက်နဲ့တစ်ယောက် ဖုန်းပြောနေရင်းနဲ့ သူပြောတာမကြားရရင် ကိုယ်က ဘယ်လိုပြန်ပြောရမလဲဆိုပြီး စဉ်းစားနေမိတယ်ဆိုရင်တော့ ဒီလိုလေးသာ ပြောလိုက်ပါ။

– **Sorry, say that again.**

၂။ နောက်တစ်ခါ သူပြောတဲ့အကြောင်းအရာက ဖုန်းလိုင်းမမိလို့ဖြစ်စေ၊ မသဲကွဲလို့ဖြစ်စေ ဘာပြောလိုက်သလဲလို့ ပြန်မေးရင်တော့ ဒီလိုလေးသာ မေးလိုက်ပါ။

– **What was that?**

၃။ တစ်ယောက်နဲ့တစ်ယောက် ဖုန်းပြောနေရင်းနဲ့ သူ့ရဲ့အသံတိုးသွားရင် ကိုယ်က ဒီလိုလေးပြောပြီး သူ့အသံကို နည်းနည်းထပ်ကျယ်ဖို့ ပြောနိုင်ပါတယ်။

– **Can you speak up a bit?**

၄။ နောက်တစ်ခါ ဖုန်းလိုင်းမကောင်းရင်၊ ကိုယ်က ဖုန်းလိုင်းမမိတဲ့ နေရာရောက်နေရင်တော့ ကျွန်တော့် ဖုန်းလိုင်းသိပ်မကောင်းဘူးလို့ ပြောနိုင်ပါတယ်။ အဲဒါကို အင်္ဂလိပ်လိုကတော့

– **The signal's not so good. ဆိုပြီးပြောနိုင်ပါတယ်။**

၅။ တစ်ခုခု အဆင်မပြေလို့ နောက်မှ ဖုန်းပြန်ခေါ်လိုက်မယ်ဆိုရင်တော့

– **Can I call you back later? ဆိုပြီး ပြောနိုင်ပါတယ်။**

Common problems when you are talking on the phone

Ariel: (Phone Ringing! Picking up and saying) Hello?
Tom: Ariel, hi it's Tom.
Ariel: **Sorry, say that again.**
Tom: I said, we're thinking of going to the cinema. (With very low tone)
Ariel: Hello? Sorry, I really can't hear.
Tom: How about now?
Ariel: Ah, yes, that's better!
Tom: Sorry, I'm in the subway, and **the signal's not so good.**
Ariel: So, what were you saying?
Tom: I wanted to say … Hold on, my battery's about to die. **Can I call you back later…**
Ariel: Sure, I'll be free till ….

Language Focus

သူပြောတာကို သိပ်မကြားရရင် **Sorry, say that again.** လို့ ပြောနိုင်ပါတယ်။ ဒါမှမဟုတ် **What was that?** ဆိုပြီးလည်း ပြောနိုင်ပါတယ်။ သို့မဟုတ် ဒီလို **What did you say?** ဆိုပြီး တိုက်ရိုက်မေးလိုက်လို့လည်း ရပါတယ်။

ယဉ်ယဉ်ကျေးကျေးနဲ့ သူပြောတာကို သိပ်မကြားရတဲ့အကြောင်း ပြောချင်ရင်တော့

– **I'm sorry; could you repeat that?** (Formal)

သို့မဟုတ်

– **Could you say that again, please?** (Formal)

သို့မဟုတ်

– **The sound is low. Would you mind speaking a little more loudly? (Formal) ဆိုပြီး ပြောနိုင်ပါတယ်။**

နောက်တစ်ခါ အဆက်အသွယ် သို့မဟုတ် ဖုန်းလိုင်း သိပ်မမိရင်

– **I don't have much signal.** ဆိုပြီး ပြောနိုင်ပါတယ်။ ဒါမှမဟုတ်လည်း

– **There's not much reception here.** ဆိုပြီး ပြောနိုင်ပါတယ်။

ပရီမီယာလိဂ်ဆိုတာ ရာသီအစကနေ ရာသီအဆုံးအထိ အမြဲတမ်းလိုလိုစိတ်လှုပ်ရှားစရာကောင်းတဲ့ လိဂ်တစ်ခု ဖြစ်ပြီး ရာသီသိမ်းချိန်မှာ ပရီမီယာလိဂ်ဖလားကို ဘယ်အသင်းက ရယူဆွတ်ခူးသွားမလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းသလို ချန်ပီယံလိဂ်ဝင်ခွင့်ကနေ တန်းမဆင်းရရေး အားပြိုင်မှုတွေအထိ ဖျော်ဖြေမှုအတိုးပေးစွမ်းတဲ့ လိဂ်တစ်ခုဆိုရင် မှားနိုင်ဖွယ်ရာ မရှိပေ။

အစဉ်အလာဂုဏ်ရောင်နဲ့ ရလဒ်ဆိုးများကြားက

မန်ယူအသင်းရဲ့ လားရာ



အဲဒီလို စိတ်လှုပ်ရှားစရာတွေ၊ စိတ်ဝင်စားဖွယ်ရာတွေပြည့်နှက်နေတဲ့ ပရီမီယာလိဂ်မှာ မန်ယူအသင်းရဲ့ ခြေစွမ်းနဲ့အသင်းရလဒ်ပိုင်း ဆိုးရွားမှုက ကစားတဲ့သီတင်းပတ်တိုင်း၊ ကစားတဲ့ရက်တိုင်း ပြောစရာ ဖြစ်လာတယ်။

တစ်ချိန်က မန်ယူအသင်း ရှုံးနိမ့်နေချိန်ဆိုတာ မျှော်လင့်ချက်ကုန်ဆုံးချိန် မဟုတ်ဘဲ ပွဲသိမ်းခရာမှုတ်မယ့်အချိန်ကို စောင့်ဆိုင်းရင်း အံ့အားသင့်ဖွယ် ရလဒ်တစ်ခုကို ယုံကြည်နေကြတယ် ဆိုတဲ့အချိန် ဖြစ်ခဲ့တယ်ဆိုရင် ငြင်းဖွယ်ရာ မရှိပေ။

၂၀၁၂-၂၀၁၃ ရာသီမှာ ပရီမီယာလိဂ်ဖလား ဆွတ်ခူးရရှိပြီး နောက် နည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန် အနားယူခဲ့တာ ဆယ်စုနှစ်တစ်စု ကျော်လွန်လာပြီ ဖြစ်ပါတယ်။ ဆုဖလားများစွာနဲ့ မန်ယူအသင်းရဲ့ သမိုင်းစာမျက်နှာတွေကို ရွှေရောင်အက္ခရာတွေ ရေးထိုးခဲ့တဲ့ နည်းပြကြီး ဖာဂူဆန် လက်ထက်မှာ မန်ယူအသင်း အနေနဲ့ အင်္ဂလန်ဘောလုံးလောကရဲ့ အောင်မြင်မှု အမြင့်ဆုံးအဆင့်တွေကို ရောက်ရှိခဲ့တဲ့အပြင် အောင်မြင်မှုဆိုတာ ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုမဟုတ်ဘဲ အလေ့အထတစ်ခုလို ဖြစ်ခဲ့တယ်။

ဖာဂူဆန်ခေတ်မှာ မန်ယူအသင်းအနေနဲ့ ထိပ်ဆုံးလေးသင်း စာရင်းဝင်ရင် အောင်မြင်မှုရတယ် ဆိုတဲ့ စံနှုန်းမျိုးမဟုတ်ဘဲ ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ် ဝင်ခွင့်ရရေး စံနှုန်းက ပုံမှန်မျှော်မှန်းချက်လည်း ဖြစ်ခဲ့တယ်။ သို့သော်ငြား ဖာဂူဆန်အနားယူချိန်မှစတင်ကာ အောင်မြင်မှုအလေ့အထနေရာမှာ မတည်ငြိမ်မှုတွေက အစားထိုးဝင်ရောက်လာပြီး တစ်ချိန်က အောင်ပွဲတွေနဲ့ ထွန်းလင်းတောက်ပခဲ့တဲ့ ခေတ်တစ်ခေတ်လည်း တဖြည်းဖြည်း မှေးမှိန်လာခဲ့ပါတယ်။

ဖာဂူဆန်အနားယူပြီးနောက် မန်ယူအသင်းက မိုယက်ဗ်၊ ဗန်ဟားလ်၊ မော်ရင်ဟို့၊ ဆိုးရွားလ်၊ ရန်းနစ်ခ်၊ တန်ဟတ်၊ အမ်မိုရင် အခုနောက်ဆုံး ကာရစ်အထိ နည်းပြ အပြောင်းအလဲ အများအပြားပြုလုပ်ခဲ့တယ်။ အဲဒီနည်းပြတွေထဲမှာ အမြင့်ဆုံး အဆင့် ရပ်တည်မှုအဖြစ် မော်ရင်ဟို့ တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ၂၀၁၇-၂၀၁၈ နဲ့ ဆိုးရွားလ် တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ၂၀၂၀-၂၀၂၁ မှာ အဆင့် (၂) အထိပဲ တက်လှမ်းထားနိုင်တာ တွေ့ရတယ်။

နည်းပြ တစ်ဦးချင်းစီမှာ ကစားသမား ရွေးချယ်မှုနဲ့ အသင်းတည်ဆောက်ပုံစံတွေရှိတဲ့အတွက် မန်ယူရဲ့ ရေရှည်အသင်း တည်ဆောက်ရေးမှာ အကြိမ်ကြိမ် ပြန်လည်စတင်ရတဲ့ အခြေအနေတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

မော်ရင်ဟိုလက်ထက် ၂၀၁၆-၂၀၁၇ မှာ အီးအက်ဖ်အယ်ဖလားနဲ့ ယူရိုပါလိဂ်ဖလားရခဲ့ပြီး ဗန်ဟားလ် လက်ထက် ၂၀၁၅-၂၀၁၆ နဲ့ တန်ဟတ်လက်ထက် ၂၀၂၃-၂၀၂၄ မှာ အက်ဖ်အေဖလားကို ဆွတ်ခူးထားနိုင်ပေမယ့် ပရီမီယာလိဂ် ဖလားကိုတော့ လက်ရှိအချိန်အထိ ဆွတ်ခူးထားနိုင်ခြင်း မရှိသေးဘူး။ မန်ယူအသင်းရဲ့ ၂၀၁၃ ကနေ ၂၀၂၆ အထိ အဓိက ပြောင်းလဲမှု တစ်ခုကို ပြရမယ်ဆိုရင် ပရီမီယာလိဂ်ဖလားကို နှစ်စဉ် နှစ်တိုင်း စိန်ခေါ်နေတဲ့ အသင်းက ထိပ်ဆုံးလေးသင်း စာရင်းဝင်ရေးကိုသာ အဓိကကထား ပြန်လည် တည်ဆောက်နေရတဲ့ အသင်း အဖြစ် ရည်မှန်းချက်အဆင့် ပြောင်းလဲသွားခဲ့တာကို ပြရမှာပါ။

ကာရစ်လက်ထက် ၂၀၂၅-၂၀၂၆ ရာသီမှာ ဂုဒ မှတ်နဲ့အတူ အဆင့် (၃) နဲ့ ရာသီပတ်သိမ်းနိုင်ခဲ့ပြီး ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့တဲ့အပြင် ၂၀၂၄-၂၀၂၅ ရာသီမှာ ရမှတ် ၄၂ မှတ်နဲ့ အဆင့် (၁၅) ကနေ အဆင့် (၃) အထိ တက်လှမ်းနိုင်ခဲ့လို့ မန်ယူပရိသတ်တွေကြား အတော် လေးကြီးမားတဲ့ အပြောင်းအလဲ တစ်ခုအဖြစ် ရှုမြင်ခဲ့ကြပါတယ်။ ၂၀၂၆-၂၀၂၇ ရာသီ ဧစတင်မီအထိ ဖလားဆွတ်ခူးရေး စိန်ခေါ်ပြောဆို မှုတွေထဲ ထဲထဲဝင်ဝင် ပါဝင်ခဲ့တဲ့ မန်ယူအသင်းအနေနဲ့ ရာသီအစ ငါးပွဲကစားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ရရှိထားပြီး ဦးဆောင်သူ မန်စီးတီးအသင်းနဲ့ ၁၀ မှတ်အထိ ကွာဟသွားပြီ ဖြစ်လို့ ၂၀၁၂-၂၀၁၃ ရာသီ နောက်ပိုင်း တစ်ကျော့ပြန် ပရီမီယာလိဂ် ဖလားဆွတ်ခူးရေးဟာ မေးခွန်းထုတ်စရာ ဖြစ်လာတယ်။

ပွဲရလဒ်တိုင်းကို ကစားသမားတွေရဲ့ ခြေစွမ်းအပေါ် ပုံချလို့မရသလို လူထုတုတ်ပုံအမှားတွေ၊ ပွဲချဉ်းကပ်မှုပုံစံတွေနဲ့ ပွဲအတွင်း ပြင်ဆင်မှုတွေ ထပ်ခါတလဲလဲ အားနည်းချက်တွေ ပေါ်ပေါက်လာမယ်ဆိုရင် နည်းပြအဖွဲ့ရဲ့ တာဝန်ရှိမှုကို မေးခွန်းထုတ်စရာ ဖြစ်လာတယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက သုံးသပ်ကြတယ်။ ချန်ပီယံဆု ဆွတ်ခူးဖို့ ရည်မှန်းထားတဲ့ အသင်းတစ်သင်းအတွက် မှန်ကန်တဲ့ ကစားသမားရွေးချယ်မှု၊ ပြိုင်ဘက်အလိုက်ပွဲအစီအစဉ်ပြောင်းလဲနိုင်မှုနဲ့ ပွဲအခြေအနေအလိုက် အချိန်မီတုံ့ပြန်နိုင်မှုတို့က ရာသီတစ်လျှောက် တည်ငြိမ်တဲ့ ရလဒ်တွေ ရရှိဖို့အတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်တယ်လို့ လည်း သုံးသပ်ကြတယ်။

နည်းပြ ကာရစ်အတွက် ဒီရာသီက ပထမဆုံး ရာသီအပြည့် တာဝန်ယူကိုင်တွယ်ရတာဖြစ်ပြီး ပြိုင်ပွဲမစတင်မီက မန်ယူအသင်းရဲ့ ပထမခြောက်ပွဲမှာ ရမှတ်အများအပြား စုဆောင်းရရှိနိုင်တယ်လို့ တွက်ချက်ခန့်မှန်းခဲ့ကြပေမယ့် ပွဲစဉ် (၅) ပြီးတဲ့အထိ မှန်းချက်နဲ့ နှမြဲထွက်မကိုက် ဖြစ်နေခဲ့တာပါ။ ငါးပွဲပဲကစားပြီး ငါးမှတ်ပဲ ရသေးတာကြောင့် ဦးဆောင်သူ မန်စီးတီးအသင်းနဲ့ ၁၀ မှတ်အထိ ကွာဟခြင်းနဲ့ အီးအက်ဖ်အယ် ဖလားတတိယအဆင့်မှာ ဘရိုက်တန်ကို နှစ်ဂိုးပြတ် ဦးဆောင်ပြီးမှ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှစောစောစီးစီး ထွက်ခွာခဲ့ရခြင်းတို့က မန်ယူအသင်းရဲ့ ခြေစွမ်းအတက်ဘက် ထက် အကျဘက် ဦးတည်နေတာက ပြဿနာတစ်ရပ်ဖြစ်တယ်လို့ ဝေဖန်ထောက်ပြကြတယ်။

နောက်ဆုံးကစားခဲ့တဲ့ ဖူလ်ဟမ်နဲ့ ပွဲမှာဆိုရင်လည်း ကွန်ညာရဲ့ နောက်ကျချေဂိုးကြောင့်သာ မရှုံးနိမ့်ခဲ့တာပါ။ အဲဒီပွဲမှာ မန်ယူအသင်းက ဂိုးပေါက်ကန်သွင်းမှု ၂၉ ကြိမ်အထိ ရှိခဲ့ပေမယ့် အခွင့်အရေးတွေကို အဆုံးသတ်ရာမှာ ထိရောက်မှု အတော်လေး အားနည်းခဲ့တယ်။ ပြောရရင် မန်ယူအသင်းမှာ အသင်းတိုင်းကို ရင်ဆိုင်ကျော်ဖြတ်နိုင်တဲ့ ကစားသမားအင်အား တောင့်တင်းမှုရှိတယ်။ အခွင့်အရေးတွေလည်း ပွဲစဉ်တိုင်းနီးပါး ဖန်တီးနိုင်တယ်။ သို့သော်ငြား တိုက်စစ်ကစားသမားတွေရဲ့ဂိုးသွင်းစွမ်းရည် ကြွယ်ဝမှုနဲ့ အခွင့်အရေးကို သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်မှု မရှိသေးဘူး။ အသင်းခံစစ်ပိုင်းလည်း ပွဲစဉ် (၅) ပြီးတဲ့အထိ ပွဲစဉ်တိုင်းနီးပါး ဂိုးတွေ ခွင့်ပြုပေးထားရတယ်။

ငါးပွဲကစားပြီး ရမှတ် ၅ မှတ်၊ အဆင့် (၁၂)၊ ပွဲတိုင်း ဂိုးပေးရမှု တို့က နည်းပြ ကာရစ်အတွက် အရေးကြီးတဲ့ ကာလတစ်ခုကို ရောက်လာပြီလို့ ဆိုနိုင်တယ်။ မန်ယူအသင်းရဲ့ လာမယ့် ပွဲစဉ်တွေမှာ စပါး၊ အက်သလက်တီကိုမက်ဒရစ်၊ လိဒ်စ်၊ ကိုဗို့၊ ဘုန်းမောက်၊ ချယ်ဆီးစတဲ့ ခက်ခဲတဲ့အသင်းတွေကို ဆက်တိုက် ရင်ဆိုင်သွားရမှာပါ။

မည်သို့ပင်ဆိုစေ မန်ယူအသင်းအနေနဲ့ လာမယ့်ပွဲစဉ်တွေမှာသာ ခြေစွမ်းနဲ့ရလဒ် ဆက်လက်ဆိုးရွားနေခဲ့ရင် ပရီမီယာလိဂ်ချန်ပီယံ စိန်ခေါ်သူအဖြစ် ရပ်တည်ရန် ခက်ခဲနေဦးမှာ ဖြစ်ပြီး အဓိက ဦးစားပေးမှာ ထိပ်ဆုံးလေးသင်း စာရင်းဝင်ရေးနဲ့ အက်ဖ်အေဖလား ဆွတ်ခူးရရှိရေးကိုသာ ဦးတည်သွားဖွယ်ရှိတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြတယ်။

ဒါကြောင့် မန်ယူအနေဖြင့် သမိုင်းကြောင်း ဂုဏ်ရောင်ကြောင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ဖို့ နီးစပ်တယ်လို့ ထင်ရသော်ငြား လက်ရှိခံစစ်-ကွင်းလယ်-တိုက်စစ် စုဖွဲ့မှုကို နည်းပြကာရစ် အချိန်မီ မပြင်ဆင်နိုင်ရင် 'ရေဝေး ဝါး တစ်ပြန်၊ ရေနီး ဝါးတစ်တန်' ဆိုသလို အောင်မြင်မှုနဲ့ ဆက်လက် ဝေးကွာနေဦးမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



စင်ကာပူအိုးပင်းဖလား ဖာနန်ဒက်ဇ် ဆွတ်ခူး

အသက် ၂၄ နှစ်အရွယ် ကနေဒါတင်းနစ်မယ် လေလာ ဖာနန်ဒက်စ်သည် စင်ကာပူအိုးပင်းတင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဩစတြေးလျတင်းနစ်မယ် တာလီယာ ဂစ်ဆန်ကို ၇-၅၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဖာနန်ဒက်ဇ်သည် ဂစ်ဆင်ကို အနိုင်ရရှိရန် အချိန်တစ်နာရီနှင့် ၃၈ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ရသည်။ အဆိုပါဖလားသည် ၎င်း၏ တင်းနစ်ကစားသမားဘဝတစ်လျှောက် ခြောက်ကြိမ်မြောက် ဆွတ်ခူးရရှိသည့် ဖလားဖြစ်ကြောင်း သိရသည်။

၎င်းသည် ကွာတားဖိုင်နယ်တွင် ပြင်သစ်အိုးပင်းဖလားဆွတ်ခူးရရှိထားသည့် ရုရှားထိပ်တန်းတင်းနစ်မယ် အန်ဒရေဗာနှင့် ပြင်သစ်အိုးပင်းဖလားပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည့် ခဗာလင်စကာတို့ကို အနိုင်ယူကျော်ဖြတ်ကာ စင်ကာပူအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

နေးရှင်းလိဂ်တွင် ဒဏ်ရာရရှိခဲ့သော အီဆတ် လီဗာပူးသို့ ပြန်လည်ရောက်ရှိလာ



ဆွီဒင်အသင်းနှင့်အတူ နေးရှင်းလိဂ်ပြိုင်ပွဲ ကစားလျက်ရှိသော လီဗာပူးအသင်း တိုက်စစ်ကစားသမား အီဆတ်သည် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ယခုအခါ လီဗာပူးအသင်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အသက် ၂၇ နှစ်အရွယ် တိုက်စစ်ကစားသမား အီဆတ်သည် ဆွီဒင်အသင်း၏ လက်ကျန်ပွဲစဉ် သုံးပွဲကို ပါဝင်ကစားနိုင်တော့မဟုတ်ပေ။ အဆိုပါ ကစားသမား၏ ဒဏ်ရာအခြေအနေကို အသင်းဆေးအဖွဲ့က စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်သည်။ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နေးရှင်းလိဂ်ပြိုင်ပွဲ၌ ဆွီဒင်က ရိုးမေးနီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ပွဲစဉ်တွင် ၎င်း၏ အဆိုပါဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာနံပါတ်တစ် တင်းနစ်အကျော်အမော် ဆင်းနားဒဏ်ရာကြောင့် တရုတ်အိုးပင်း လွဲချော်



ကမ္ဘာနံပါတ်တစ် အီတလီတင်းနစ်အကျော်အမော် ဂျနိုးနစ်ခ်ဆင်းနားသည် ဒူးဒဏ်ရာကြောင့် တရုတ် အိုးပင်းတင်းနစ်ပြိုင်ပွဲကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

တရုတ်အိုးပင်း လက်ရှိ ချန်ပီယံ ဆင်းနားသည် ဩဂုတ်လက ကျင်းပခဲ့သည့် ယူအက်စ် အိုးပင်းပြိုင်ပွဲကိုလည်း ဒဏ်ရာကြောင့် လွဲချော်ထားသူဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် ဆင်းနားသည် ၂၀၂၃ နှင့် ၂၀၂၅ တရုတ်အိုးပင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးရရှိထားသည်။ ၎င်းသည် ယခုနှစ်အစောပိုင်းက ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ဖလားဆွတ်ခူးထားသည်။

■ မိုးဇက် - စုစည်းရေးသားသည်

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် စက်တင်ဘာ ၂၆ ညနေပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပလောက်ချောင်းရေမြင့်တက်၍ ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။



အလားတူ ထားဝယ်ခရိုင် သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း စက်တင်ဘာ ၂၆ ရက်နှင့် ယနေ့နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ထားဝယ်မြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီ ရေဘေးကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဥသျှစ်ပင်တိုက်နယ်ဆေးရုံ၌ ပြည်မြို့မှ ဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

ပန်းတောင်း စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်တိုက်နယ်ဆေးရုံတွင် ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်စိုးမင်း၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာကေသီဝင်းမောင်တို့က ယနေ့နံနက်ပိုင်းတွင် အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သာဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ အရိုးအကြောအထူးကု၊ ဓာတ်မှန်အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဆေးကုသဆောင်ရွက်ပေးလျက်ရှိပြီး ခေတ္တမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူးအေးမင်းသိန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးတို့က လိုက်လံကြည့်ရှုအားပေးကြသည်။



ထိုသို့ ဆေးကုသပေးခဲ့ရာ အထွေထွေလူနာ ၇၃ ဦး၊ ခွဲစိတ်လူနာ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၁၄ ဦး၊ ကလေးလူနာ ၁၀ ဦး၊ မျက်စိရောဂါလူနာ ၄၇ ဦး၊ သွားရောဂါလူနာ ၁၀ ဦး၊ အရိုးအကြောလူနာ ၅၉ ဦး၊ အာထွာဆောင်းရိုက်လူနာ ၃၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး စုစုပေါင်းလူနာ ၂၈၅ဦးကို စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း (ပြန်/ဆက်)

မဟာအောင်မြေမြို့နယ်၌ ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်၌ ဥပဒေရုံးနှင့် ဥပဒေအသိပညာပြန့်ပွားရေး ၁/၂၀၂၆ ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းကဖွင့်လှစ်ရာ ဒေးဝန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဝေနှင့် မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးအောင်ကိုကို တို့က အများပြည်သူများ သိရှိလိုက်နာသင့်သည့် ဥပဒေအကြောင်းအရာများကို သင်တန်းသား သင်တန်းသူများအား ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူ ၅၀ တို့က ဥပဒေနှင့်ပတ်သက်သည့် သိရှိလိုသည်များကို မေးမြန်းရာ ဥပဒေအရာရှိက ပြန်လည်ဖြေကြားပေးပြီး မြို့နယ်ဥပဒေအရာရှိက ဥပဒေစာအုပ်များကို လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

သနပ်ပင်မြို့နယ်၌ ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း (၁၅) မျိုးစေ့ပေးအပ်ပွဲကျင်းပ

သနပ်ပင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများအား ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း (၁၅) မျိုးစေ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရစ်ကန်လေးရွာရှိ ကွင်းအမှတ်(၈၈၅) တွင်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်ဆန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းမြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ဆီထွက်သီးနှံနှမ်း၊ မြေပဲနှင့် နေကြာစိုက်ပျိုးခြင်းအပြင် ပဲပုပ်ရေဆင်း (၁၅)မျိုးကို ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးကြရန်နှင့် ပဲပုပ်ရေဆင်း (၁၅) မျိုးစိုက်ပျိုးရခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း (၁၅)မျိုးစေ့များအား တောင်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကော့သောင်းမြို့၌ အမှတ်(၇၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့ဝင်များ ဘိုးဘွားများအား အလှူဒါနပြု

ကော့သောင်း စက်တင်ဘာ ၂၇

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၇၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ တပ်ဖွဲ့ဝင်များက ကော့သောင်းမြို့ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား အာဟာရများလှူဒါန်းခြင်းနှင့် အလှူငွေနှင့် ဆေးဝါးပဒေသာပင်အလှူငွေများလှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ရာ အမှတ်(၇၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးထင်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက အဘိုးအဘွားများအား နေ့လယ်စာအာဟာရဖြည့်စွက်စာများ လှူဒါန်း၍ အလှူငွေနှင့် ဆေးဝါးပဒေသာပင်အလှူငွေများ လှူဒါန်းခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

မြို့သစ်မြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

မြို့သစ် စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်းများကို ယမန်နေ့က တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သွားရောက်စစ်ဆေးသည်။ မြို့သစ်မြို့နယ်အတွင်း ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေသည့် ယင်းနားကုန်း (နေပြည်တော်- မြို့သစ်- ကံပြားလမ်း) နှင့် ဂွေးတော (နေပြည်တော်- မြို့သစ်-ကံပြားလမ်း)၊ ပြည်တော်တိုးကုမ္ပဏီမှ ဆောင်ရွက်သော စစ်တောကုန်း (တောင်တွင်းကြီး - မြို့သစ် -နတ်မောက်လမ်း)တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်တာဝန်ခံနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



မိုးကြိုးမည်

နေပြည်တော် စက်တင်ဘာ ၂၇ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးကြိုးမည်။ မိုး/၈လ

ဘီးလင်းမြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်းနှင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်

ဘီးလင်း စက်တင်ဘာ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တင်ဒါအောင်ကုမ္ပဏီများက ပြည်ထောင်စုရန်ပုံငွေကျပ် ၆၅ ဒသမ ၈ သန်းဖြင့် ဝင်းက-ကြာဇီအောင်-ကြံတိုင်းအောင် ကျေးရွာကုန်ထုတ်လမ်း၊ ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၆၁ ဒသမ ၆၁ သန်းဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် က်ကြီးပိုင်ကျေးရွာနှင့် ငါးဘက်ချောင်ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး (VDP) စီမံကိန်းဖြင့်ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုများအား ကျိုက်ထိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက စက်တင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ဘုန်းမြတ်



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၆ ရက်က (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနိုင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၉၁ ဦး၊ မိသားစုဝင် ၄၄ ဦး၊ ကျောင်းဆရာမ ၁၅ ဦးတို့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကျော်ဝင်း(ကလော)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်မင်းနိုင် အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၆ ရက်က မြို့သစ်ရပ်ကွက်ရှိ အ-ထ-က ရှေ့ လမ်းဘေးဝဲယာနှင့် ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

အမျိုးသားသင်ရိုးညွှန်းတမ်းပါသင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

ပြည် စက်တင်ဘာ ၂၇

အမျိုးသား သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း သိရှိရတနာခန်းမ၌ ကျင်းပရာ အမျိုးသားသင်ရိုးညွှန်းတမ်း(NCCD)အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေ၊ အဖွဲ့ဝင် ဒေါက်တာအေးကိုနှင့် အဖွဲ့ဝင် ဦးတင်လှိုင်တို့က အမျိုးသား သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများနှင့်ပတ်သက်၍ သင်ကြား၊ သင်ယူမှုအခက်အခဲများကို လည်းကောင်း၊ သင်ရိုးသစ်သည် ကလေးမှ ရှိ/မရှိတို့ကို လည်းကောင်း၊ ငယ်များ၏ ဉာဏ်ရည်၊ အသက်အရွယ်နှင့် ကိုက်ညီမှု၊ သင့်လျော်မှု ရှိ/မရှိတို့ကို လည်းကောင်း၊ သင်ခန်းစာများတွင် ပြင်ဆင်ဖြည့်စွက်လိုသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချစ်ကိုကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ အခမ်းအနားသို့ Grade 1, 2, 3 မူလတန်းကျောင်းအုပ်ကြီးများနှင့် သင်တန်းကြီးကြပ်ဆရာ ဆရာမများ စုစုပေါင်း၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နဝမအကြိမ်မြောက် အသက် ၇၅ နှစ်အထက် သတင်းစာဆရာကြီးများပူဇော်ကန်တော့နိုင်ရေး အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့၏ နဝမအကြိမ်မြောက် အသက် ၇၅ နှစ်အထက် သတင်းစာဆရာကြီးများအား ပူဇော်ကန်တော့နိုင်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်ရုံး၌)အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့နာယက ဦးစိုးစိုးနိုင်(စာတည်းမှူးချုပ်၊ မြန်မာ့အလင်း၊ ငြိမ်း)က ကန်တော့ပွဲကျင်းပနိုင်ရေးစီမံထားရှိမှုများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်)က အလှူငွေရရှိမှုအခြေအနေများကိုလည်းကောင်း၊ အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း(တည်လေး)က ဖိတ်ကြားကြိုဆိုရေးနှင့် ကျေးဇူးတွေ့ခဲ့ရေးစီမံဆောင်ရွက်ထားမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ကာ အဖွဲ့ဂုဏ်ထူးဆောင်နာယကဦးရဲမြင့်ဖေက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့၏ နဝမအကြိမ်မြောက် အသက် ၇၅ နှစ်အထက် သတင်းစာဆရာကြီးများအား အောက်တိုဘာ ၁၇ ရက်တွင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားသန္တိသုခမဟာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ မောင်ယဉ်ဦး(ဒလ)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

၂၀၂၆ ခုနှစ် အောက်တိုဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအား နည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၆ ရက် မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း အသီးသီးဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ၁၄ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

ညအပူချိန်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ မိုး/၈လ

စိမ်းလန်းသော စက်ဝန်းစီးပွားရေးဖြင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့မှုဆီသို့...





သမားရိုးကျ “ရယူခြင်း - ပြုလုပ်ခြင်း - စွန့်ပစ်ခြင်း (Take-Make-Dispose)” ဆိုသည့် မျဉ်းဖြောင့် စီးပွားရေးစနစ်ကြောင့် သယံဇာတပြန်းတီးခြင်း၊ မြေဆီလွှာနှင့် ရေထုညစ်ညမ်းခြင်း၊ ဂေဟစနစ် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ယနေ့အချိန်တွင် ဓာတ်မြေဩဇာနှင့် စက်သုံးဆီဈေးနှုန်း အဆမတန် မြင့်တက်လာမှု၊ ရာသီဥတုဖောက်ပြန်မှု (တစ်ကမ္ဘာလုံး ၂၀၂၃ ခုနှစ်တွင် အပူချိန်အမြင့်ဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် အပူချိန် ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်မြင့်တက်ခြင်း၊ ရေခဲတောင်များ အရည်ပျော်ကျခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း) တို့သည် စိုက်ပျိုးရေးကဏ္ဍအတွက် ကြီးမားသော ခြိမ်းခြောက်မှုကြီးဖြစ်နေပါသည်။

စိုက်ပျိုးရေးဆိုင်ရာမြေယာအသုံးချမှု၊ ဓာတ်မြေဩဇာများ မဆင်မခြင်သုံးစွဲမှုနှင့် သစ်တောပြုန်းတီးမှုတို့သည်လည်း မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဆိုးရွားစွာ တွန်းအားပေးနေသည်။ ထို့အပြင် စက်ဝန်းစီးပွားရေးစနစ်သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် ဆက်စပ်လျက်ရှိသည်။

ထို့အတွက် နှစ်ပေါင်းထောင်ချီ၍ ရယူစားသုံး၊ သုံးဖြုန်းခဲ့သည့် သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သော မြေ၊ ရေ၊ လေတို့အပေါ် ပြန်လည်ဖြည့်ဆည်းပေးရမည့် အချိန်ကျရောက်လို့လာပြီဖြစ်သည်။

ဖူလုံမှုစီးပွားရေးဒဿနနှင့် စိတ်ပိုင်းဆိုင်ရာအခြေခံ

မည်သည့်အခန်းကဏ္ဍတွင်မဆို နည်းပညာတစ်ခုတည်းဖြင့် မလုံလောက်ဘဲ “အလယ်အလတ်လမ်းစဉ်” ကို အခြေခံသော ဖူလုံမှုစီးပွားရေးဒဿနလိုအပ်သည်။ ယင်း၏အဓိကမဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဩဇာခြေချောတာခြင်း၊ ဆင်ခြင်တုံတရားရှိခြင်းနှင့် ပြင်ပဒဏ်များကို ခံနိုင်ရည်ရှိခြင်း/ မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိခြင်းတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတို့ကို အသိပညာနှင့် ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းကျောင်းကာ စိုက်ပျိုးရေးထုတ်လုပ်မှုတွင် လောဘဓောမကဲတဲ့ သဘာဝနှင့် သဟဇာတဖြစ်စေရန် လမ်းညွှန်ပေးခြင်းသည် ဖူလုံမှုစီးပွားရေးဒဿန၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။

စက်ဝန်းစီးပွားရေး၏ နိယာမသုံးရပ်

စက်ဝန်းစီးပွားရေးအတွက် အခြေခံနိယာမသုံးရပ်ဖြစ်သော စွန့်ပစ်ပစ္စည်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းစင်စေရေး ကြိုတင်ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်ကုန်များနှင့် ကုန်ကြမ်းများကို တန်ဖိုးအမြင့်မားဆုံး အခြေအနေဖြင့် သဘာဝစနစ်အတွင်း အဆုံးမဲ့လှည့်ပတ်စီးဆင်းစေခြင်း၊ မြေဆီလွှာ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များကို ပြန်လည်ဆန်းသစ်ရင်သန်စေခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်မွမ်းမံခြင်းနှင့် ပြန်လည်ထုတ်လုပ်ခြင်း နည်းလမ်းများဖြင့် စိုက်ပျိုးရေးအရင်းအမြစ်များကို စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်ပါသည်။

လယ်ယာစွန့်ပစ်ပစ္စည်း မီးရှို့မှုပြဿနာကို ဖြေရှင်းခြင်း

လယ်ယာထုတ်ကုန်များ၏ ဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ စပါးခွံနှင့် သီးနှံအကြွင်းအကျန်များ၊ အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းသည် လေထုညစ်ညမ်းမှုနှင့် အပူချိန်မြင့်တက်စေသည့် အဓိကပြဿနာဖြစ်သည်။ ထိုသို့မီးရှို့မည့်အစား အောက်ပါတန်ဖိုးဖြင့်ထုတ်ကုန်စနစ်များသို့ ပြောင်းလဲ အသုံးချရပါမည် -

ဇီဝမီးသွေးထုတ်လုပ်မှုနှင့် မြေဆီလွှာတိုးတက်စေခြင်း

ကောက်ရိုးနှင့် သီးနှံအကြွင်းအကျန်များကို အောင်ဆီဂျင်မဲ့ အပူပြိုကွဲနည်းဖြင့် ဇီဝမီးသွေးအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်ထည့်သွင်းအသုံးပြုပါက ကာဗွန်ဒြပ်ပေါင်းများကို မြေဆီလွှာအတွင်း နှစ်ရာနှင့်ချီ၍ စုပ်ယူသိုလှောင်ပေးနိုင်သည့်အပြင် မြေဆီလွှာ၏ ရေထိန်းနိုင်စွမ်းနှင့် အာဟာရဓာတ်ဖလှယ်မှုကို သိသာစွာ တိုးတက်စေပါသည်။

ဇီဝမီးသွေးထုတ်လုပ်ရင်း ထပ်မံရရှိလာသည့် ပေါင်းခံမြေဩဇာအရည်ကို သီးနှံပင်ပေါ်ဖျန်းပေးခြင်းဖြင့် အပင်ကြီးထွားမှုနှင့် အာဟာရဓာတ်ရရှိစေသည့် သဘာဝဟော်မုန်းရရှိခြင်း၊ ပိုးနှင့်ဆေးအဖြစ်သာမက မို့ကြောင့်ဖြစ်သည့် ရောဂါများအား ကာကွယ်ပေးခြင်း၊ မြေဆီလွှာ၏ ချဉ်/ငန်ဓာတ်နှင့် ဖွဲ့စည်းပုံကို သမမျှတစေပြီး မြေဆီလွှာပြုပြင်ခြင်းနှင့် မြေတွင်းအကျိုးပြုပိုးများ ရှင်သန်စေခြင်း၊ သဘာဝပေါင်းသတ်ဆေးအဖြစ် အသုံးပြုခြင်း၊ သဘာဝမြေဆွေး /တီကျစ်စာပြုလုပ်ရာတွင် အသုံးပြုခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အသုံးချမှုများတွင် အနံ့အသက်ကင်းစေရန် အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

စိုက်ပျိုးရေးအခြေခံ ဇီဝလောင်စာများ

စားရေရိက္ခာဖူလုံမှုကို မထိခိုက်စေဘဲ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သော ကြံကြိတ်ဖတ်၊ တင်လဲရည်၊ နံစားပြောင်းကြိတ်ဖတ်၊ ဗေဒါနှင့် ရေမှော်တို့မှ ဇီဝအီသနော၊ ဇီဝဒီဇယ်နှင့် ဇီဝဓာတ်ငွေ့များ ပြန်လည်ထုတ်ယူသုံးစွဲနိုင်သည်။ ယင်းတို့ကို လယ်ယာသုံးစက်ယန္တရားများ၊ မီးစက်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ရုပ်ကြွင်းလောင်စာအစား အစားထိုးအသုံးပြုနိုင်သည်။ စွန့်ပစ်ပစ္စည်းနှင့် သစ်ရွက်များမှ ဇီဝဓာတ်ငွေ့နှင့် ဇီဝမြေဩဇာထုတ်လုပ်ခြင်း၊ ဆိုလာစွမ်းအင် သုံးအခြောက်ခံစက်၊ ရေတင်စနစ်၊ ငါးမွေးမြူရေး ကန်များလည်း ဆောင်ရွက်နိုင်ပါသည်။

တန်ဖိုးမြင့်စားသုံးမှိုနှင့် ဆေးဖက်ဝင်မှိုများ စိုက်ပျိုးခြင်း -

သီးနှံအကြွင်းအကျန်များ (ဥပမာ စပါးခွံ) ကို အလဟဿမဖြစ်စေဘဲ စားသုံးမှိုများ စိုက်ပျိုးနိုင်သကဲ့သို့ မှိုကန်စွန်းကဲ့သို့သော တန်ဖိုးမြင့် ဆေးဖက်ဝင်မှိုမျိုးများကိုစိုက်ပျိုးပြီး ဆေးဝါးကုန်ကြမ်းအဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါသည်။

စွန့်ပစ်မှုမဲ့ အော်ဂဲနစ်စီမံခန့်ခွဲမှုနှင့် မြေဆီလွှာထိန်းသိမ်းရေးနည်းပညာများ

စွန့်ပစ်မှုမဲ့ အော်ဂဲနစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အနေဖြင့် ကျေးလက်နှင့်မြို့ပြရှိစွေးများ၊ ကန်တင်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် မီးဖိုချောင်များမှထွက်ရှိသော အစားအစာစွန့်ပစ်ပစ္စည်းများအပြင် နွားချေးနှင့် တိရစ္ဆာန်အညစ်အကြေးများကို အမှိုက်ပုံပုံ၌စွန့်ပစ်ခြင်းမှ ရှောင်ရှားကာ စနစ်တကျပြန်လည်အသုံးချကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးမှရရှိလာသည့် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများကို တီကောင်အားကျွေးမွေး၍ အာဟာရပြည့်ဝသော တီကျစ်စာမြေဆွေးထုတ်လုပ်ကာ ဓာတုမြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ပါသည်။ လေးစနစ်သုံး အမြဲမြဲမြေဆွေးပုံနည်းစနစ်ဖြင့် အချိန်တိုအတွင်း တန်နှင့်ချီ၍ သဘာဝမြေဆွေးအဖြစ် အသွင်ပြောင်းလဲနိုင်ပါသည်။ အစိမ်းရောင်ကန်ဝဲတော့ပုံ အမှိုက်ဆွေးမြည့်စနစ်တို့ဖြင့် သစ်ရွက်ခြောက်၊ ဥယျာဉ်အမှိုက်နှင့် အော်ဂဲနစ်အကြွင်းအကျန်များကို အနံ့အသက် ကင်းစွာဖြင့် အာဟာရပြည့်ဝသော အရည်များအဖြစ်ပြောင်းလဲပြီး မြေကြီးအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ကာ သဘာဝမြေဆွေးကို ပြန်လည်ထုတ်ယူရန်မလိုအပ်ဘဲ မြေဆီလွှာအာဟာရဖြည့်တင်းရေး၊ အမှိုက်များစွန့်ပစ်မှုမှ ကင်းမဲ့ရေး အနေတို့ဖြင့် အသွင်ပြောင်းလဲခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ပါသည်။

ဇီဝမြေဖြုံးနည်းပညာနှင့် မြေဆီလွှာဂေဟစနစ် ထိန်းသိမ်းမှုအနေဖြင့် စိုက်ခင်းများတွင် မြေဖြုံးပလတ်စတစ် (PE) ဖလင်များအစား ပြောင်းဖူးနှင့် ကစီဓာတ်များမှထုတ်လုပ်သော ဇီဝပျက်စီးလွယ် သည့်ဖလင် (Polylactic Acid – PLA Biodegradable Film) များကို ပြောင်းလဲအသုံးပြုခြင်းဖြင့် အသေးစားပလတ်စတစ်ကြောင့် မြေပျက်စီးမှုကို ကာကွယ်ပေးပြီး စပါးခင်းတွင် PLA ဖလင်ကို သုံးပါက ပေါင်းပင်နှိမ်နင်းခြင်း၊ ရေငွေ့ပြန်မှုထိန်းသိမ်းခြင်း၊ ရေရွှေ့တာနိုင်ခြင်းအပြင် မိသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျော့ကျစေပါသည်။

မြေဆီလွှာရှင်သန်ရေး ပေါင်းစပ်နည်းလမ်းများ၌ ရေညှိမြေဩဇာအသုံးပြုခြင်း၊ မြေဖုံးသီးနှံ စိုက်ပျိုးခြင်းနှင့် သီးနှံအလှည့်ကျစိုက်ပျိုးခြင်းတို့ဖြင့် မြေဇီဝဓာတ်မြင့်တက်ခြင်းကို တားဆီးကာ ဇီဝမျိုးစုံမျိုးကွဲများကို ပြန်လည်ရှင်သန်စေသည်။

ရိတ်သိမ်းချိန်လွန်ကာလ ဆုံးရှုံးမှုလျှော့ချရေးလည်း အရေးကြီးသော ကာလတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာ၏ သုံးပုံတစ်ပုံခန့်သည် ရိတ်သိမ်းချိန်လွန်ကာလတွင် လေလွင့်ဆုံးရှုံးနေရသည်။ ထို့အတွက် အစားအစာသက်တမ်းကို သဘာဝအတိုင်း တာရှည်ပြီး ဘေးကင်းသော ထုပ်ပိုးမှုနှင့် နာနိုနည်းပညာသုံးထုပ်ပိုးမှုများကိုလည်း အသုံးချသင့်ပါသည်။

ကာဗွန်စီမံခန့်ခွဲမှု၊ ကာဗွန်ခရက်ဒစ်နှင့် နိုင်ငံတကာ လက်တွေ့အလေ့အကျင့်များ

စိုက်ပျိုးရေးကဏ္ဍတွင် ကာဗွန်ခြေရာ လျှော့ချရေး မဟာဗျူဟာသုံးရပ်အနေဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး (စက်ယန္တရားများ၊ ဓာတုနိုက်ထရိုဂျင် မြေဩဇာနှင့် ရေလွှမ်းစပါးစိုက်ခင်းများမှ မီသိန်းနှင့် နိုက်ထရပ်စ်အောက်ဆိုက်ထွက်ရှိမှုကို လျှော့ချခြင်း)၊ သဘာဝအလျောက် ကာဗွန် ပြန်လည်စုပ်ယူသိုလှောင်မှုမြှင့်တင်ရေး (သစ်ပင်သီးနှံရောနှောစိုက်ပျိုးခြင်း၊ ဇီဝမီးသွေးထည့်သွင်းခြင်းဖြင့် မြေဆီလွှာအတွင်း ကာဗွန်ထိန်းသိမ်းမှုတိုးမြှင့်ခြင်း)၊ ရာသီဥတုဒဏ်ခံနိုင်သော နည်းစနစ်များသို့ လိုက်လျောညီထွေပြုပြင်ပြောင်းလဲရေး (မျိုး၊ နည်းစနစ်၊ ဥပဒေ၊ နည်းဥပဒေများ)ပင် ဖြစ်ပါသည်။

နိုင်ငံတကာ၌ အောင်မြင်သော လက်တွေ့ကျင့်သုံးမှုနမူနာများမှာ ဒိန်းမတ်နိုင်ငံတွင် မြေဖုံးသီးနှံစိုက်ပျိုးမှုကို စနစ်တကျ ပြဋ္ဌာန်းကျင့်သုံးခြင်းဖြင့် နိုက်ထရပ်စ်အောက်ဆိုက် ထုတ်လွှတ်မှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါသည်။ နယ်သာလန်နိုင်ငံတွင် နို့စားနွားများ၏ အစာအာဟာရဖော်စပ်မှုကို သိပ္ပံနည်းကျ စီမံခန့်ခွဲကာ တိရစ္ဆာန်များထံမှ မီသိန်းဓာတ်ငွေ့ထွက်ရှိမှုကို ၁၅ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပါသည်။ ကင်ညာနိုင်ငံတွင် ရေတတ်ဒဏ်ခံသီးနှံများစိုက်ပျိုးခြင်း၊ အစက်ချရေလေးစနစ်နှင့် သစ်ပင်သီးနှံ ရောနှောစိုက်ပျိုးခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း ၄၀ ရာခိုင်နှုန်း တိုးတက်လာပြီး ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေခဲ့ပါသည်။ ဥရောပဒေသ၌ ထယ်ရေးထွန်ရေးလျှော့ချသည့်စနစ်ဖြင့် မြေဆီလွှာအတွင်း ကာဗွန်သိုလှောင်မှုနှုန်းကို ၂၀ ရာခိုင်နှုန်းတိုးမြှင့်နိုင်ခဲ့ပါသည်။

ကာဗွန်ခရက်ဒစ်စနစ်နှင့် စိုက်ပျိုးရေးအခွင့်အလမ်း

မှန်လုံအိမ်ဓာတ်ငွေ့ တစ်တန်လျှော့ချခြင်းသို့မဟုတ် ဖယ်ရှားခြင်းသည် ကာဗွန်ခရက်ဒစ်တစ်ယူနစ်နှင့်ညီမျှသည်။ ဥပမာ - ထိုင်းနိုင်ငံသည် မိမိဆန္ဒအလျောက် မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး အစီအစဉ်များအတိုင်း စိုက်ပျိုးရေးကဏ္ဍတွင် ကာဗွန်လျှော့ချနိုင်သည့် လယ်ယာများကို ကာဗွန်ခရက်ဒစ်ရောင်းချခွင့်ပေးခြင်းဖြင့် တောင်သူများအတွက် အပိုဝင်ငွေရရှိစေနိုင်သည့် စီမံကိန်းများ ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၂၄ သို့

“ဇီဝမြေဖုံးနည်းပညာနှင့် မြေဆီလွှာဂေဟစနစ် ထိန်းသိမ်းမှုအနေဖြင့် စိုက်ခင်းများတွင် မြေဖုံးပလတ်စတစ် (PE) ဖလင်များအစား ပြောင်းဖူးနှင့် ကစီဓာတ်များမှထုတ်လုပ်သော ဇီဝပျက်စီးလွယ်သည့်ဖလင် (Polylactic Acid - PLA Biodegradable Film)များကို ပြောင်းလဲအသုံးပြုခြင်းဖြင့် အသေးစားပလတ်စတစ်ကြောင့် မြေပျက်စီးမှုကို ကာကွယ်ပေးပြီး စပါးခင်းတွင် PLA ဖလင်ကိုသုံးပါက ပေါင်းပင်နှိမ်နင်းခြင်း၊ ရေငွေ့ပြန်မှုထိန်းသိမ်းခြင်း၊ ရေရွှေ့တာနိုင်ခြင်းအပြင် မိသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျော့ကျစေ”

ဒေါက်တာဝင်းသီတာဦး(စိုက်/သု)

ပင်လောင်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ပင်လောင်း စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်၌ အခြေခံ ပညာကျောင်းပေါင်းစုံ အသက် (၁၄)နှစ်အောက်နှင့် အသက် (၁၈) နှစ်အောက် အမျိုးသား/ အမျိုး သမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့က မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲ အသက် (၁၈) နှစ် အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အမှတ်ပေး စနစ်ဖြင့် အထက(၁) အမျိုးသမီး ဘောလုံးအသင်းက လည်းကောင်း၊ အသက် (၁၄) နှစ်အောက် အမျိုး သမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နန်းပုလင်း အမျိုးသမီးဘောလုံး အသင်းက အထက(၁) အမျိုးသမီး ဘောလုံးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အသက် (၁၄)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထက(၁) အမျိုးသားဘောလုံး အသင်းက နန်းတုတ်အမျိုးသား ဘောလုံးအသင်းအား ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် လည်းကောင်း၊ အသက် (၁၈) နှစ်အောက် အမျိုး သား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထက(၁) အမျိုးသားဘောလုံး အသင်းက တီကျစ်အမျိုးသား ဘောလုံးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ် တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်တင်မိုး၊ မြို့နယ်ပညာရေးမှူးဦးတင်ငွေနှင့် တာဝန်ရှိသူများက ဆုချီးမြှင့် ပေးပြီး ပြိုင်ပွဲကြီးကြပ်ရေးနှင့် ဒိုင်လူကြီးများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ၌ အသက် (၁၄) နှစ်အောက် အမျိုး သား ဘောလုံးပြိုင်ပွဲတွင် အသင်း ၂၉ သင်း၊ အသက်(၁၈) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၉ သင်း၊ အသက် (၁၄) နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် အသင်းရှစ်သင်း၊ အသက် (၁၈) နှစ်အောက် အမျိုး သမီး ဘောလုံးပြိုင်ပွဲတွင် အသင်း လေးသင်း ပါဝင်ပြီး ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အမြင့်ဆုံး နေ့အပူချိန်များ (၂၇ - ၉ - ၂၀၂၆)

ချောက်မြို့	၃၉ ဒသမ ၈	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်းမြို့	၃၈ ဒသမ ၉	ဒီဂရီဆဲလ်စီးယပ်
မြင်းမူမြို့	၃၈ ဒသမ ၇	ဒီဂရီဆဲလ်စီးယပ်
မကွေးမြို့	၃၈ ဒသမ ၂	ဒီဂရီဆဲလ်စီးယပ်
အောင်လံမြို့	၃၇ ဒသမ ၈	ဒီဂရီဆဲလ်စီးယပ်
ကျောက်ဆည် (လွန်ကျော်)	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
မင်းဘူးမြို့	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
ပခုက္ကူမြို့	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်းမြို့	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
ခန္တီးမြို့	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
မုံရွာမြို့	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်းမြို့	၃၇ ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်(တောင်ပိုင်း)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန် ကြောင့်လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၆-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမ ကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေ မှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် (တောင်ပိုင်း)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

စာမျက်နှာ ၂၃ မှ

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် မီသိန်းဓာတ်ငွေ့ လျှော့ချနိုင်ရန် ရေငတ်ဒဏ်ခံသီးနှံများစိုက်ပျိုးခြင်း၊ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ အစက်ချရေပေးစနစ်၊ စိုတစ်လှည့်ခြောက်တစ်ခါ ရေပေးသွင်းစနစ်ကျင့်သုံး ခြင်း၊ ကောက်ရိုးနှင့်ရိုးပြတ်များကို မီးမရှိဘဲ ဆွေးမြည့် စေရန်ဆောင်ရွက်ပြီး မြေတွင်းသို့ ထယ်ထိုးမြေမြှုပ် ခြင်း၊ သဘာဝမြေဆွေးနှင့် မှိုစိုက်ပျိုးရေးအတွက် ပြန်လည်အသုံးပြုခြင်းဖြင့် မီသိန်းဓာတ်ငွေ့နှင့် မှန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုကို ကာကွယ်နိုင်ပါသည်။

ထို့အပြင် စနစ်တကျ ဘက်စုံအာဟာရစီမံခန့်ခွဲ မှုစနစ်ကျင့်သုံးခြင်းဖြင့် ဓာတ်မြေသြဇာ အလွန် အကျွံသုံးစွဲမှုကြောင့် ဖြစ်ပေါ်သည့် နိုက်ထရပ်စ် အောက်ဆိုက်လျှော့ချနိုင်ပြီး စိုက်ပျိုးရေးသုံး စွန့်ပစ် ပစ္စည်းများ၊ တိရစ္ဆာန်အညစ်အကြေးများဖြင့် သဘာဝမြေဆွေးပုံများ ပိုမိုပြုလုပ်သုံးစွဲကြခြင်း၊ စပါးခွံ/ ပြောင်းဖူးအူတိုင်/ရိုး၊ နှမ်းရိုးတို့မှ ဇီဝမီးသွေး ပြုလုပ်သုံးစွဲခြင်း၊ ပိုက်ဆံလျှော်ကဲ့သို့ သစ်စိမ်း မြေသြဇာများစိုက်ပျိုးထယ်ထိုးမြေမြှုပ်ခြင်း၊ တီကောင် မွေးမြူပြီး သဘာဝတီကျစ်မြေသြဇာ ထုတ်လုပ်သုံးစွဲ ခြင်းဖြင့် မြေဆီလွှာတွင်ကာဗွန်ကို ရေရှည်တည်တံ့ စွာ ထိန်းသိမ်းသိုလှောင်ပေးပြီး မြေဆီလွှာဖွဲ့စည်းပုံ နှင့် ရေထိန်းစွမ်းအားကိုတိုးတက်စေခြင်း၊ မြေဆီ လွှာ၏ သစ်ဆွေးဓာတ်ကို မြှင့်တင်ပေးပါသည်။

ရေရှည်တည်တံ့စေသည့် သီးနှံစိုက်ပျိုးရေးစနစ် အတွက် နှစ်ရှည်ပင်နှင့် သီးနှံရောနှောစိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ပဲမျိုးစုံထည့်သွင်းစိုက်ပျိုး ခြင်း၊ သီးထပ်စိုက်ပျိုးရာတွင် ထယ်ရေးထွန်ရေး လျှော့ချစိုက်ပျိုးခြင်း၊ မြေဖုံးသီးနှံများစိုက်ပျိုးခြင်း ဖြင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ကာ သိုလှောင် ထားသော ကာဗွန်များ လေထုထဲသို့ ပြန်လည်ပျံ့လွင့် မှုကို လျှော့ချပေးသည့်အပြင် နေရောင်ခြည်စွမ်းအင် သုံး ရေတင်စနစ်၊ အခြောက်ခံစက်၊ ထုပ်ပိုးစက်တို့ကို သုံးစွဲခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ၏ ကာဗွန်ခြေရာကို တိုက်ရိုက်လျှော့ချလျက်ရှိပါသည်။ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နည်းပညာများအနေ ဖြင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ အိမ်ထောင်စု သုံး စပါးခွံမီးဖိုများ၊ ထင်းအစားထိုးလောင်စာတုံး များကိုလည်း ထုတ်လုပ်အသုံးပြုလျက်ရှိပါသည်။

စိမ်းလန်းသော စက်ဝန်းစီးပွားရေးကို အခြေခံ သည့် ပြန်သုံး - ပြန်ပြုပြင် - မွမ်းမံ -ထုတ်လုပ် စနစ်ဖြင့် ကမ္ဘာမြေကြီး၊ ရေထုနှင့် လေထုအား ယခု ထက် ပိုမိုမပျက်စီးစေရန် ယနေ့ဆောင်ရွက်လျက် ရှိသည့် လက်တွေ့စိုက်ပျိုးထုတ်လုပ်သည့်စနစ် များကို အခြေခံကာ စိုက်ပျိုးရေးကဏ္ဍအတွက် ဆိုးရွားသော သက်ရောက်မှုများကြား ကြံ့ကြံ့ခံနိုင် ရန်သာမက ရေရှည်တည်တံ့ခိုင်မြဲစေရန် နိုင်ငံတော်အကြီးအကဲများက ဦးဆောင်၍ အဘက် ဘက်မှ ပိုင်းဝန်းပူးပေါင်းပြီး စီမံချက်များ ချမှတ် အကောင်အထည်ဖော်ခြင်း၊ နည်းပညာအသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ အသိပညာပေးခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးခြင်း စသည်ဖြင့် ဘက်စုံ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။

မိမိတို့ ယနေ့တွေ့ကြုံခံစားနေရသည့် အခက် အခဲများ၊ ရာသီဥတုဖောက်ပြန်မှုများကို ပြန်လည် ကုစားနိုင်ရန်အတွက် လူသားအားလုံးတွင် တာဝန် ရှိပါသည်။ စိမ်းလန်းသော စက်ဝန်းစီးပွားရေးစနစ် စတင်ဆောင်ရွက်ကြရန် စိုက်ပျိုးရေးကဏ္ဍရေရှည် တည်တံ့ရှင်သန်ရေးအတွက် နှိုးဆော်တိုက်တွန်း လိုက်ရပါသည်။ ။

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စု ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသခြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4ဆိုဒ်တစ်မျိုးတည်းတွင်စာမျက်နှာတစ်ဖက်တည်း၌ သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရွှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၂။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၃၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၄။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၈။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမဲ့အနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ငါန်းဇွန်မြို့၌ မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အားကစားပြိုင်ပွဲများကျင်းပ



ငါန်းဇွန် စက်တင်ဘာ ၂၇

ငါန်းဇွန်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈)နှစ်အောက် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပရာ တက်ရောက်လာသူများက နိုင်ငံတော် အလံအား အလေးပြုကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူးဇော်နိုင်က အဖွင့်စကားပြောကြားကာ မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)အောက် ဘောလုံး(ကျား/မ)၊ ဘော်လီဘော(ကျား/မ)၊ ပိုက်ကျော်ခြင်း(ကျား/မ)၊ ကြက်တောင် (ကျား/မ)၊ စားပွဲတင်တင်းနစ် (ကျား/မ)နှင့် ပြေးခုန်ပစ်(ကျား/မ) စသည့်အားကစားနည်း ခြောက်မျိုး ကျင်းပရာ အဆိုပါအားကစားပြိုင်ပွဲများတွင် အားကစားသမား ၂၅၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် ဆုရရှိသူများအား မြို့နယ်ပညာရေးစုံညီပွဲတော်တွင် ဆုများချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

အားကစားမြင့်တင်စိတ်လန်းရွှင်ဆန့်ကျင်မှုးယစ်ဆေး



တိတ်တိတ်လေး သွားကိုင်ကြည့်ခဲ့တယ်နှင့် သုတရသစာစုများ စာအုပ်ထွက်ရှိလာ



ဤစာအုပ်သည် စာရေးဆရာမ မို (သဲကုန်း) ၏ ဒုတိယမြောက်စာအုပ်ဖြစ်ပြီး ရသစာတမ်းနှင့် ဆောင်းပါးများ ပထမအကြိမ် စုစည်းမှုစာအုပ် ဖြစ်သည်။ စာအုပ်တွင် ဘဝအတွေ့အကြုံ၊ အတွေး အမြင်နှင့် ခေတ်ပြိုင်လူမှုစီးပွားနယ်ပယ်မှ စိတ်ဝင် စားဖွယ်ရာများကို ကဏ္ဍစုံလင်စွာ တင်ပြထား သည်။

စာအုပ်တွင် မာတိကာခေါင်းစဉ် (၃၀) ပါဝင် ပြီး "အသက်မကြီးသေးပေါင် ရှင်ရယ်"၊ "ဘဝကို တန်အောင်နေကြမယ် " စသည့် လူမှုဘဝနှင့် သက်ဆိုင်သော စာစုများအပြင် ယနေ့ခေတ်သစ် နည်းပညာဖြစ်သော AI (ဉာဏ်ရည်တု) နည်းပညာ ကို ကိုယ်တိုင်သင်ယူလေ့လာခဲ့သည့် အတွေ့အကြုံ ဆောင်းပါးသုံးပုဒ်ကိုပါ အားရဖွယ်ဖတ်ရှုကြရမည် ဖြစ်သည်။

စာရေးဆရာမ၏ ရိုးရှင်းသော အရေးအသား၊ ဘဝကို အပြုသဘောရှုမြင်တတ်ပုံနှင့် စာဖတ်သူကို ပေးလိုသော စိတ်ဓာတ်ခွန်အားများကြောင့် ဤစာအုပ်သည် လူငယ်လူရွယ်များသာမက လူကြီး ပိုင်းများပါ ဖတ်ရှုလေ့လာသင့်သော၊ နှလုံးသား အာဟာရဖြစ်စေမည့် သုတ၊ ရသ စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို ပန်းရုံစာပေမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် တန်ဖိုး ၁၅၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ စာအုပ်ကို ဝယ်ယူအားပေးလိုပါက ပန်းရုံစာပေ (ဖုန်း - ၀၉ ၆၆၁၂၀၁၆၈) သို့ တိုက်ရိုက်ဆက်သွယ်၍ဖြစ်စေ၊ အဖြို့ဖြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဖြစ်စေ ဝယ်ယူရရှိနိုင်ပါသည်။

မြန်မာ့အလင်း

လေဖိအားနည်းရပ်ဝန်း မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်

နေပြည်တော် စက်တင်ဘာ ၂၇ – ဘင်္ဂလားပင်လယ် အော်အခြေအနေမှာ ယနေ့ည နေ ၅ နာရီခွဲ တိုင်းထွာ ချက်များအရ မြန်မာနိုင်ငံ တနင်္သာရီကမ်းရိုးတန်း နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ် ပြင်တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း သည် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်-တနင်္သာရီ ကမ်းရိုးတန်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရ သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်း နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မိုး/၉လ

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသည့် တပ်ဖွဲ့ဝင်တို့၏ သားသမီးများပညာရည်ချွန်ဆုပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ခုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တို့၏ သားသမီးများ၊ စစ်သည်များ၊ တပ်ဖွဲ့ဝင် အငြိမ်းစားတို့၏ သားသမီးများ၊ စုစုပေါင်း ၂၀၄ ဦးတို့အား Artillers Gunners Foundation မှ စက်တင်ဘာ ၂၆ ရက်က ရန်ကုန်နယ်မြေခံတပ်၊ မိတ္ထီလာနယ်မြေခံ တပ်နှင့် အောင်ပန်းနယ်မြေခံတပ်တို့၌ တစ်ပြိုင်တည်းပညာရည်ချွန် ဆုပေးအပ်သည့် အခမ်းအနားများကျင်းပခဲ့သည်။ အခမ်းအနားများသို့ ဖောင်ဒေးရှင်းအမှုဆောင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဆုရရှိသူ တို့၏ မိဘများတက်ရောက်ခဲ့ကြပြီး ပညာရည်ချွန်ဆုများကို ဖောင်ဒေး



ရှင်းနာယက၊ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် တပ်မတော်အရာရှိကြီးများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြန်မာ့အလင်း

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အမှုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ် တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြား ဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့် စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန် နှင့်တားဆီးရန် စိမ်ဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ် နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၃၄၊ ၀၆၇-၃၄၀၄၉၅၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၇၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်း ဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၈၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသ ကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါ သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့



ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၇ ရက်က (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းထွန်းတို့ကြည့်ရှုအားပေးစဉ်။

ဝင်းဝင်းခိုင် (ပြန်/ဆက်)

ကျောက်တံခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျောက်တံခါး စက်တင်ဘာ ၂၇ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ရန်ကုန် – မန္တလေး အမြန်လမ်း၊ ဖိုင်တိုင်အမှတ် (၈၄/၂)အနီး ဒညင်ကုန်း ဘုန်းတော်ကြီး ကျောင်းဝင်း အတွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ခိုမဲခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျင်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တော ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၄၁ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ ကုံကော်၊ ခရေနှင့် သပြေဘူတစုစုပေါင်းပျိုးပင် ၃၀၀ တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။



မျိုးမင်း(ပြန်/ဆက်)

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ ယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရ ပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပျော်ဘွယ်မြို့နယ်၊ ကင်းတား ကျေးရွာနေ ကျန်ကော် ဦးညီဦးမှ "ပျော်ဘွယ်အင်ပါယာ" အမည်ဖြင့် သောက်ရောနှံ့ ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်း လုံးတွင်ရှိသော သောက်ရောနှံ့စက်ရုံများမှ အမည်တူရုပ်ပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ကျန်ကော် ဦးညီဦးထံ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း၊ Viber ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက သတင်းစာကြေညာချက် နှင့်အတူ ယခုဖော်ပြပါ အမှတ်တံဆိပ် "ပျော်ဘွယ် အင်ပါယာ" အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကုပ်ဂဲ ရေးဦးစီးဌာနသို့ ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးညီဦး ဖုန်း-၀၉- ၈၄၄၅၄၀၇၇၊ Viber-09-444157077

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ခရိုင်မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၂၀၉) မြေကွက်တည်နေရာအမှတ် (၂၀၉)၊ အောင်သုခ (၁)လမ်း၊ (၂၈)ရပ်ကွက်၊ ခရိုင်မြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစီးဒေသန်းအောင် (၁၄/၁၁၇ (နိုင်) ၀၀၇၇၆၆) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား မြေအမည်ပေါက် ဦးစီးဒေသန်းအောင် (စင်မွန်း)ကွယ်လွန်သဖြင့် ခေါင်စဉ်းစေး (၁၂/သမက (နိုင်) ၀၀၄၁၉၁)မှ တစ်ဦးတည်းသော တရားဝင်ခံစားခွင့်ရှိကြောင်း၊ အခြားသောခံစားမှုများ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ၄င်းတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၄င်းမှလွဲ၍ အခြားသော အမွေဆက်ခံစွဲငြိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆို ရန် မြေပုံကူးလျောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြဖွံ့ဖြိုးမှုနှင့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/43894, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လာဇေဧ၊ ၂/ဒမဆ(နိုင်) ၀၂၂၆၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး (လျှိုင်ကော်)

ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/73088, Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မနန်း ၁၃/ပလန (နိုင်) ၀၈၇၅၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လျှိုင်ကော်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/81179, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူဒေါ်မြရစ်နဒာ/လလန (နိုင်)၀၀၁၆၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(လျှိုင်လင်မြို့)

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၌ဝ၁ဒေ အမိန့်- ၅၅၊ နည်း၌ဝ၁ဒေ -၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၃၄

ဒေါ်ခင်မေရီ နှင့် ဦးထီ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁ - ၂ လမ်းကြား၊ ထိန်ကုန်းရွာမကြီး။ အိမ်အမှတ် (၁၆/၆၇)နေ ဦးထီ(ဘ) ဦးကံလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ခင်မေရီ က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉-က)၊ ဦးပိုင်အမှတ် (က/၄၁)၊ ဧရိယာ (၀.၀၅၅၁) ဧက၊ (၄၀ x ၆၀) ပေ အတွင်းမှ အနောက်ဘက်ခြမ်း (၂၀ x ၆၀) ပေ အကျယ်အဝန်းရှိ ဦးထီ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိမ့မယ် ရလိုကြောင်းနှင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (၁၃စ၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလျှောက် ထုချေရှုင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကိုယ်စားလှယ် ရှေ့နေကလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ခံ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး (၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၌ဝ၁ဒေအမိန့်- ၅၅၊ နည်း၌ဝ၁ဒေ - ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၉

ဒေါ်အားယင်း နှင့် ဦးတင်အောင်မြင့်
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် (၈၄-၆)၊ ၎ရ x ၄၉ လမ်း၊ ၁၁၀ x ၁၁၁ လမ်းကြားနေ ဦးတင်အောင်မြင့် (၁၁) ဦးဘသက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်အားယင်း က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၄-၆)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးတင်အောင်မြင့် အမည်ပေါက် ဂရန်မြေကွက် အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ (၀.၀၂၇၅) ဧကအား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိမ့မု လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက် (၁၃စ၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀:၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလျှောက် ထုချေရှုင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ရှက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလို့က ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေကလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ခံ မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူစာနွယ်)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး၌ဝ၁ဒေ အမိန့်- ၅၅၊ နည်း၌ဝ၁ဒေ -၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃၃

ဦးအောင်လွင် နှင့် ဦးထီ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁ - ၂ လမ်းကြား၊ ထိန်ကုန်းရွာမကြီး။ အိမ်အမှတ်(၁၆/ ၆၄)နေ ဦးထီ(ဘ) ဦးကံလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်လွင် က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉-က) ဦးပိုင်အမှတ် (က/၄၁) ဧရိယာ(၀.၀၅၅၁)ဧကာ၊ (၄၀x၆၀)ပေအတွင်းမှ အရှေ့ဘက်ခြမ်း (၂၀ x ၆၀) ပေ အကျယ်အဝန်းရှိ ဦးထီ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိမ့မု ရလိုကြောင်းနှင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ် ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (၁၃စ၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလျှောက် ထုချေရှုင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ရှက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေကလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်ခံ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လျှောက်လွှာခေါ်ယူခြင်း နေပြည်တော်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး	နေရာ	အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက်
(က)	အငယ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀)	(၅)နေရာ	တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။
(ခ)	ကျွမ်းကျင်-၅(စက်) (ကျပ် ၁၆၂၀၀၀-၂၀၀၀၀-၁၈၇၀၀၀)	(၂)နေရာ	GTI အောင်ရမည်(သို့)အခြေခံပညာအထက်တန်းအောင်ခြင်းရမည်။
(ဂ)	ယာဉ်မောင်း-၅ (ကျပ် ၁၆၂၀၀၀-၂၀၀၀၀-၁၈၇၀၀၀)	(၃)နေရာ	အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။ ယာဉ်မောင်းကျွမ်းကျင်ရမည်။ ယာဉ်မောင်းသက်အနည်းဆုံး (၃)နှစ်ရှိရမည်။ အနည်းဆုံး ယာဉ်မောင်း(ခ)လိုင်စင်ရှိရမည်။
(ဃ)	ရုံးအကူ (ကျပ် ၁၄၄၀၀၀-၂၀၀၀၀-၁၈၇၀၀၀)	(၁၀)နေရာ	အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျွန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) အပိုဒ်(၁)(က)(ခ)(ဃ)ပါ ရာထူးများအတွက် ပြင်ပပုဂ္ဂိုလ်များသည် (၃၁-၁၀-၂၀၂၆) ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ ဌာနတွင်းမှ ဝန်ထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂) ရရှိပြီးသူများသည် သတ်မှတ် ချက်များနှင့်ကိုက်ညီပါက (၃၁-၁၀-၂၀၂၆) ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အပိုဒ်(၁)(ဂ) ပါ ရာထူးအတွက် (၃၁-၁၀-၂၀၂၆) ရက်နေ့တွင် အသက် (၄၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) အပိုဒ်(၁)(ဂ)ပါ ရာထူးလျှောက်ထားသူများသည် ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(စ) အပိုဒ်(၁)(ဂ)ပါ ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်။

(ဆ) နေရာသေးမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း၁ရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင် မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(ဇ) အမှုဒဏ်ရာနာစိခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊

(ခ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) အပိုဒ်(၁)(က)ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ် မိတ္တူများနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ၊

(င) အပိုဒ်(၁)(ခ)ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊

(စ) အပိုဒ်(၁)(ဂ)ပါ ရာထူးအတွက် အခြေခံပညာအလယ်တန်းအဆင့် ရှိကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ။ ကျွမ်းကျင်မှု အရည်အချင်းအတွက် အနည်းဆုံး ယာဉ်မောင်း(ခ)လိုင်စင် မိတ္တူ၊ ယာဉ်မောင်းသက် အနည်းဆုံး (၃) နှစ် ရှိကြောင်း ကိုယ်တိုင် ဝန်ခံချက်၊

(ဆ) အပိုဒ်(၁)(ဃ)ပါ ရာထူးအတွက် အခြေခံပညာအလယ်တန်း အဆင့်ရှိ ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ၊

(ဇ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(ဈ) ပါဘီနိုင်ငံရေးကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း နှင့် သက်ဆိုင်ရာ နယ်မြေရုံးစိစစ်ရေးကြောင်း ထောက်ခံချက်မူရင်း၊

(ည) ကျွန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း၊

(ဋ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်မတိုပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)၊

(ဌ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက် ခွင့်ပြုကြောင်း အမိန့်စာမူရင်း၊

(ဍ) ရေးဖြေလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ပညာအရည်အချင်း အထောက်အထားများမူရင်း၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊ ကျွမ်းကျင်မှု လက်မှတ်မူရင်းတို့ကို တစ်ပါတည်း တင်ပြရမည်။

၅။ လျှောက်လွှာများကို (၃၁-၁၀-၂၀၂၆) ရက်နေ့ နေ၁၂နာရီအထိ ရုံးတွင် လက်ခံပြီးကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လျှောက်ထားရမည်။

၆။ လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀ အဆင့် အငယ်တန်းစာရေး ရာထူး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များပါဝင်သည့် ရေးဖြေစာစေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုကိုပါ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ယာဉ်မောင်း-၅ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၈၇၀၀၀)ရာထူးအတွက် လျှောက်ထားသူများကို လက်တွေ့ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ကျွမ်းကျင်-၅(စက်)(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၈၇၀၀၀) နှင့် ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၈၇၀၀၀) ရာထူးများအတွက် လျှောက်ထား သူများကို လူတွေ့စစ်ဆေးခြင်းဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ အငယ်တန်းစာရေးရာထူးအတွက်ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့ စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းစစ် စာဝေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများ စာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၁၁။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ် ရက်ထက် ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံ စဉ်းစားမည်မဟုတ်ပါ။

၁၂။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်(စီမံဌာန)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၂၃၂၊ ၀၆၇၃-၄၁၂၀၉၊ ၀၆၇၃-၄၁၂၆၆၂ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပလမ်းကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၅၅) ဧက၊ မြေကွက်အမှတ်(ပ-၃၀၇၇၅) ဦးငွေလေးဦး(၃)ဦးထွန်းကြိုင်အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးရဲမောင် ၈/ပမန(နိုင်)၀၇၇၉၄ (၁၈) ဦးဘိုမင်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၂၀၆၇/၂၀၁၉(၁၃-၃-၂၀၁၉)တင်ပြ၍ခေါ်ယူယူလင်း ၈/ထလန(နိုင်)၀၃၇၂၄၄ (၁၈)ဦးမေငြိမ်း၏အရေးဆိုခြင်းမှ မှတ်ပုံတင်အရေးဆိုစာချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥင္ဇာရသီရိမြို့၊ ဥင္ဇာရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥင္ဇာရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၂၂၅)ဧက၊ မြေကွက်အမှတ်(၃-၁၁၀၉) ဦးပြိမ်းချမ်း(၁၈) ဦးဘရီ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်စိုး၁၄/ပသန(နိုင်)၁၄၈၃၂၄ (၁၈) ဦးလှမောင်မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၀၈/၂၀၁၆ (၁၂-၉-၂၀၁၆) တင်ပြ၍ ဒေါ်ထိုက်ကရီစိုး ၁၄/ပသန(နိုင်)၁၇၄၉၁၀ (၁၈)ဦးမြင့်စိုး အမည်ဖြင့် မှတ်ပုံတင်အရေးဆိုအပယ်စာချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၄၅) ဧကရှိ မြေကွက်အမှတ် (၀-၃၀၆၃၅) ခေါ်အိသူပန် ၈/တတ၊ကာ(နိုင်)၁၃၂၂၅၈ (၁၈)ဦးဝင်းမောင်လတ် မှ ဒေါ်စိုးယုယုနှင်း ၁၃/ကတန(နိုင်)၁၇၅၀၈၈ (၁၈)ဦးသန်းထွန်းဦး၏အရေးဆိုခြင်းမှ မှတ်ပုံတင်အရေးဆိုအပယ်စာချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

